မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၄၄)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဂွမ်ဒုန်းပြည်နယ် ဂွမ်ကျိုးမြို့နှင့် ရှင်းကျန့်မြို့တို့၌ လှည့်လည်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ဇနီးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် ရှီအန်မြို့မှ ဂွမ်ဒုန်းပြည်နယ် ဂွမ်ကျိုးမြို့သို့ China Eastern လေကြောင်းလိုင်းအထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ဂုဏ်ပြုပြန်စည်းပေးအပ်

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂွမ်ကျိုးမြို့ ပိုင်းယွင် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်၊ ဂွမ်ကျိုးမြို့ ဒုတိယမြို့တော်ဝန် မစ္စတာ ချန်မင်းဒါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီးချုပ်နှင့်ဇနီးတို့အား ကလေးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်းပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး၊ ဂွမ်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့်အဖွဲ့ဝင်များသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် China Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ဂွမ်ကျိုးသိပ္ပံမြို့တော်

မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ဂွမ်ကျိုးသိပ္ပံမြို့တော်ကို မော်တော်ယာဉ်များဖြင့် လှည့်လည်လေ့လာကြပြီး Guangzhou Technological Innovation Base သို့ရောက်ရှိကြရာ ဂွမ်ကျိုးသိပ္ပံမြို့တော်မှ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် မစ္စတာ ဒန်ယူမင်က ဂွမ်ကျိုးသိပ္ပံ မြို့တော်တည်နေရာ၊ ၁၉၉၈ ခုနှစ်မှစတင်၍ ဂွမ်ကျိုးသိပ္ပံမြို့တော်ကို တည်ထောင်ခဲ့မှု၊ သိပ္ပံမြို့တော်၏ အကျယ်အဝန်း၊ ဗဟို၊ အစိုးရနှင့် ပြည်နယ်အစိုးရ၏ အားပေးပံ့ပိုးကူညီမှုများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အတတ်ပညာရှင်များအား ဂွမ်ကျိုးသိပ္ပံမြို့တော်၌လာရောက်ရင်းနှီးမြှုပ်နှံရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုများ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သိပ္ပံမြို့တော်ကို တည်ဆောက်ခဲ့မှုများ၊ သိပ္ပံမြို့တော်တည်ဆောက်ရာတွင် ရရှိခဲ့သည့် အတွေ့အကြုံများ၊ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်စေမှုများ၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တစ်နေ့တခြား တိုးမြှင့်ရရှိလာမှုများ၊ သိပ္ပံမြို့တော်၏ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည်များကို မေးမြန်းပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဂွမ်ကျိုးသိပ္ပံမြို့တော်ကို ဂွမ်ကျိုးမြို့အရှေ့ဘက်တွင် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှ အစပြုတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၃၇၃၄ စတုရန်းကီလိုမီတာရှိပြီး ကွန်ပျူတာနှင့် Software လုပ်ငန်း၊ ဇီဝနည်းပညာ နှင့်ဆေးဝါးစက်မှုလုပ်ငန်း၊ ဖိုတိုအီလက်ထရွန်နစ်လုပ်ငန်း၊ သတ္တုလုပ်ငန်း စသည်တို့ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ရှင်းကျန့်မြို့ **Shenzhen High Tech Industry Park** ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖေဖော်ဝါရီလ ၁၄ရက်မှ ၁၈ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ဖေဖော်ဝါရီလ ၁၅ရက်နေ့ ညနေပိုင်းက ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Fujian ခန်းမသို့ သွားရောက်ဂါရဝပြု တွေ့ဆုံ နှုတ်ဆက်ခဲ့သည်။

ထိုသို့ တွေ့ဆုံရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်က-

"တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒပင် ဖြစ်ပါကြောင်း၊ အိမ်နီးချင်းများ တည်ငြိမ်အေးချမ်းရေး၊ ချမ်းသာကြီးပွားရေးအတွက် အမြဲမပြတ် အလေးထားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လုံခြုံရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲလေးစားပါကြောင်း" ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးရာ၌-

"ယနေ့ မြန်မာနိုင်ငံ အစိုးရအနေဖြင့်လည်း ပြည်သူများ၏ လူနေမှုဘဝ မြင့်မားတိုးတက်လာရေး အတွက် နိုင်ငံတော်တည်ငြိမ် အေးချမ်းအောင်၊ စီးပွားရေးအခြေခံကောင်းများ ရရှိအောင်နှင့် ပြည်သူများ အသိပညာမြင့်မားတိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း" ပြန်လည်ဆွေးနွေးပြောကြားသည်။

သမ္မတကြီး မစ္စတာဟူကျင်တောင်၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီး ပြည်သူတစ်ရပ်လုံးသည်လည်း စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည်။

ယနေ့မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဦးဆောင်မှုဖြင့် ပြည်သူများ၏လူနေမှုဘဝ မြင့်မားတိုးတက်ရေး ဦးတည် ဆောင်ရွက်လျက်ရှိသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ၏မိတ်ဆွေစစ်ဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက မြန်မာနိုင်ငံဘက်မှ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအရ ကူညီစောင့်ရှောက်ရပ်တည်ပေးနေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အိမ်နီးချင်းကောင်း နိုင်ငံများအဖြစ် ရေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ ရွှေလမ်းငွေလမ်း ဖောက်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်စဉ်ကတည်းက အစောဆုံးအသိအမှတ်ပြုခဲ့ပြီး တရုတ်တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက်ထောက်ခံလျက်ရှိသည်။ ထိုင်ဝမ်ကိုလည်း တရုတ်နိုင်ငံ၏ ခွဲခြားမရသည့် အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်းခံယူထားသည်။

ထို့အပြင် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက် ချမှတ်ပြီး အဆိုပါ မူကြီးများနှင့်အညီ အတူတကွ ဆက်သွယ်ဆက်ဆံမှုများ ပြုခဲ့ကြသည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများမှာလည်း အစဉ်မပြတ် တိုးတက်ဖြစ်ထွန်းလျက်ရှိနေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ပြည်ပအင်အားစုများက မြန်မာနိုင်ငံအား စီးပွားရေး ပိတ်ဆို့ပြီး ဝင်ရောက်စွက်ဖက်မှုကို ပွင့်ပွင့်လင်းလင်းဆန့်ကျင်သည့် နိုင်ငံဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မြဲစေပြီး ဘက်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်သွားနိုင်မည်ဟု ယုံကြည်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိ ရုပ်ပွားတော် ဘက်စုံမွမ်းမံရေးအလှူငွေပေးအပ် မှန်ကျောင်းဆောင်သစ်၊ လုံခြုံရေးကင်မရာနှင့် အသံပိုင်းဆိုင်ရာပစ္စည်းများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်တွင်ကိန်းဝပ်စံပယ်သည့် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီးဘက်စုံမွမ်းမံထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲနှင့် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီးမှန်ကျောင်းဆောင်သစ်၊ လုံခြုံရေးကင်မရာ၊ အသံပိုင်းဆိုင်ရာပစ္စည်းများနှင့် နေပူခံကျောက်ပြားများလှူဒါန်းခြင်း ရေစက်ချမင်္ဂလာအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီခွဲက အဆိုပါကျောင်းကြီးတိုက်ပရိဝုဏ်အတွင်းရှိ မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်သည့် ဂန္ဓကုဋိကျောင်းတော်ကြီးအတွင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်ကြည်ညိုပြီး အလှူငွေများကို လက်ခံယူသည်။

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းနှင့်ကြည့် မြင်တိုင်မြို့နယ် သံဃနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက် ပဓာနနာယက ဆရာတော်တို့ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်၊ ရန်ကုန်အနောက်ပိုင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်တင့်၊ ကျောင်းကြီးတိုက် ဘက်စုံမွမ်းမံထိန်းသိမ်းရေး ဦးစီးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက် ကြည်ညိုကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်တွင် ကိန်းဝပ်စံပယ်သည့် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီးဘက်စုံမွမ်းမံထိန်းသိမ်းရေးအတွက်အလှူရှင် FISCA Enterpriseမန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝိတ်နှင့်ဇနီး ဒေါ်စုစုအေးတို့က အလှူငွေကျပ်သိန်း၁၀၀ လှူဒါန်းပေးအပ်စဉ်။ (သတင်းစဉ်)

ငါးပါးသီလခံယူ

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးမြို့ မဟာဝိသုတာရာမတိုက်သစ် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ် ပရိတ်တရားတော်ကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်တာဝန်ရှိသူများက ဆရာတော်သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းကြီးတိုက် ဘက်စုံမွမ်းမံထိန်းသိမ်းရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်က ဘက်စုံမွမ်းမံထိန်းသိမ်းရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် အလှူရှင်များဖြစ်ကြသော ဦးတင့်ဆန်း-ဒေါက်တာဌေးဌေးငြိမ်း မိသားစု(ACEဆောက်လုပ်ရေး ကုမ္ပဏီ)က ငွေကျပ် ၃၂၂ သိန်း၊ FISCA Enterprise မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဝိတ်နှင့်ဇနီး ဒေါ်စုစုအေးက ငွေကျပ်သိန်း ၁၀၀၊ Best Supporting Services မန်နေဂျင်း ဒါရိုက်တာ ဦးဇော်ဝင်းနှင့်ဇနီးတို့က ငွေကျပ်သိန်း ၁၀၀ **(အပေါ်ပုံ)**၊ နေပူခံ ကျောက်ပြားခင်းရန် အလှူရှင်များ စုပေါင်း လှူဒါန်းငွေကျပ် ၄၈သိန်း တို့ကိုပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးအောင်သန်းမြင့်(စူပါပါဝါ ကုမ္ပဏီလီမိတက်မိသားစု)က ငွေကျပ် ၁၁ သိန်း၊ ဦးပြန်ယ-ဒေါ်ကြင်အိ မိသားစု ကြည့်မြင်တိုင်မြို့နယ် စလင်းလမ်း(မင်္ဂလာသစ်ဆိုင်)က ငွေကျပ် ၁၀၃၅၀၀၀၊ သီရိသုဓမ္မဓဇာဖဇောတရေ ဦးဌေးညွှန့်-ဒေါ်နီလာရွှေ မိသားစု (ကြာငါးခိုင် သက်န်းတိုက်)က ငွေကျပ် ၆၅၀၀၀၀၊ ဦးသိန်းဇော်-ဒေါ်နွေမိသားစု (မန်းသီတာ ဆောက်လုပ်ရေးကုမ္ပဏီ) က ငွေကျပ် သုံးသိန်း၊ ဦးအားဝါး(ခ) ဦးထွန်းဝင်း- ဒေါ်စန်းစန်းမော် မိသားစု(စံပြရွှေငါးကုမ္ပဏီ)က ငွေကျပ်သုံးသိန်း တို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန် တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ် သည်။ ယမန်နေ့က လှူဒါန်းသည့် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၆၀၃၈၅၀၀၀ ဖြစ်သည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ရေစက် သွန်းချ အမျှပေးဝေကာ အခမ်းအနား ကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက် သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ကျောင်း ကြီး၌ ကျင်းပသည့် ဒုတိယအကြိမ် နှမ်းမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား သို့ တက်ရောက် လှည့်လည်ကြည့်ရှု အား ပေးကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ ဂွမ်ကျိုးမြို့ ညရှုခင်းကို ပုလဲမြစ်အတွင်း ရေယာဉ်ပေါ်မှကြည့်ရှုကြစဉ်။ (သတင်းစဉ်)

■ ကျောဖုံးမှ

တွေ့ဆုံပွဲတွင် ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးမစ္စတာ တန်ဘင်းချွမ်က ဆွေးနွေးပြောကြားရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ဂွမ်ဒုန်း ပြည်နယ် ဂွမ်ကျိုးမြို့သို့လာရောက်လည်ပတ်ခြင်းအတွက် လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ချစ်ကြည်ရေးခရီးစဉ် အောင်မြင်ခြင်းအတွက်လည်း ဂုဏ်ပြုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမို တိုးတက်ခိုင်မြဲစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့ပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တောင်ဘက်ဆုံး တွင်တည်ရှိသည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ပြည်နယ်၌လူဦးရေသန်း ၈၀ကျော် ရှိကြောင်း၊ ဂွမ်ဒုန်းပြည်နယ်၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုများလုပ်ပြီး နှစ်အနည်း ငယ်အတွင်းမှာပင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

ရင်းနှီးမြှုပ်နှံမှုပမာဏ

၂၇နှစ်တာ ကာလအတွင်း ဂွမ်ဒုန်းပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှုပမာဏ သည်နိုင်ငံတော်တစ်ရပ်လုံးရင်းနှီးမြှုပ်နှံမှု၏လေးပုံတစ်ပုံရှိကြောင်း၊ ပြီးခဲ့သည့် နှစ် ဘဏ္ဍာရေးဝင်ငွေသည် နိုင်ငံတော်တစ်ရပ်လုံး၏ လေးပုံတစ်ပုံရှိကြောင်း၊ ကုန်ပစ္စည်း တင်ပို့ရောင်းချမှုပမာဏမှာလည်း လေးပုံတစ်ပုံရှိကြောင်း။

ဂွမ်ဒုန်းပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ပြည်နယ်များ အနက် လူမှုရေးအတည်ငြိမ်ဆုံး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး၊ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြည်နယ်ဖြစ်ကြောင်း။

ဤကဲ့သို့ အောင်မြင်မှုများရရှိခြင်းမှာလည်း မြန်မာနိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများ၏ ကူညီမှု၊ အားပေးထောက်ခံမှုများကြောင့် ဖြစ်ကြောင်း ကိုအခွင့်သင့်ခိုက် ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း၊ ဤအောင်မြင် ဖြစ်ထွန်းမှုများကိုရပ်တန့်မသွားစေဘဲ ဆက်လက် အောင်မြင်အောင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင်ကြိုးပမ်း သွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်ရေးအားထား

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကို အလေးထားပါကြောင်း၊ တရုတ်-မြန်မာ နှစ်နိုင်ငံကုမ္ပဏီ များပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ပြည်နယ်မှ ကုမ္ပဏီများလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် ခရီးသွား လာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ် ဖြစ်ထွန်းလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ဝမ်းသာကြည်နူး

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးပြောကြား ရာ၌ မိမိတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသဖြင့် ညီရင်းအစ်ကိုထံ လာရောက်ရသကဲ့သို့ ဝမ်းသာကြည်နူးရကြောင်း၊ မြန်မာနိုင်ငံနှင့် ဂွမ်ဒုန်း ပြည်နယ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကူးသန်းဆက်သွယ်မှုရှိခဲ့ပြီး ဖြစ်ကြောင်း။

အဆွေတော်၏ ပြည်နယ်တိုးတက်ရေးဆောင်ရွက်ချက်များ ရှင်းပြသည်ကို ကြားရသည်မှာ ကျေနပ်အားရဖွယ်ကောင်းပါကြောင်း၊ ၁၉၇၈ခုနှစ်မှစ၍ တရုတ် ပြည်သူ့သမ္မတနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုများစတင် ဆောင်ရွက်ခဲ့ရာ တွင် ဂွမ်ဒုန်းပြည်နယ်ကို စံအဖြစ်သတ်မှတ်၍ စီးပွားဖွံ့ဖြိုးအောင် ဆောင်ရွက် နိုင်ခဲ့ကြောင်းသိရှိရ၍ ဂုဏ်ယူပါကြောင်း။

လက်တွေ့အောင်မြင်

မိမိတို့လည်း မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ကြိုးစားအားထားမှု ကောင်းများကြောင့် လက်တွေ့အောင်မြင်မှု အကျိုးကျေးဇူးများ ရရှိခံစား နေရပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသ အတွင်း နိုင်ငံများ၊ အထူးသဖြင့် မိတ်ဆွေရင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက် ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ရေမြေသယံဇာတကောင်းများ ရှိသကဲ့သို့ သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည်တို့လည်း ပေါကြွယ်ဝကြောင်း၊ သို့သော် မိမိ တို့သည် နည်းပညာနှင့်ရင်းနှီးမြှုပ်နှံမှုများလိုအပ်နေသေးကြောင်း၊ မြန်မာနိုင်ငံ၏ အလားအလာကောင်းများကို ဤပြည်နယ်မှစီးပွားရေးလုပ်ငန်းရှင်များ လာရောက် လေ့လာစေလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများလည်း ပြုစေချင်ကြောင်း၊ ရင်းနှီး မြှုပ်နှံသူများအတွက် လိုအပ်သည်များကိုအားပေးကူညီသွားမည့်အပြင် ဥပဒေ ဖြင့်ပါ ကာကွယ်စောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်များက ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆောင်ရွက်ရန်ဆန္ဒများရှိကြရာ မိမိတို့ မျိုးဆက်သစ်ခေါင်းဆောင်များက အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

မှတ်တမ်းဓာတ်ပုံရိုက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံနှုတ်ဆက်ပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

လှည့်လည်ကြည့်ရှု

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ဂွမ်ကျိုးမြို့ ညရှုခင်းကို ပုလဲမြစ်အတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

မြန်မာ့စီးပွားရေးဘဏ် သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ချေးငွေ လုပ်ငန်းများ စနစ်တကျ တိုးတက်စေ ရန်နှင့် အရင်းအတိုး ပေးဆပ်ရန် ပျက်ကွက်နေသော ချေးငွေများလျော့ နည်းကျဆင်းရေး သင်တန်းအမှတ် စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီ တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် သင်တန်းခန်းမ ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာ့စီးပွား ရေးဘဏ်(ရုံးချုပ်)မှ အထွေထွေ မန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာ များ၊ လက်ထောက် အထွေထွေမန်နေ ဂျာများ၊ သင်တန်းနည်းပြများ၊ ပြည် နယ်နှင့် တိုင်းအသီးသီးရှိ ဘဏ်ခွဲ များမှ သင်တန်းသား သင်တန်းသူ ၈၄ ဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည် များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

သင်တန်းဖွင့်ပွဲတွင် ဦးဆောင် ညွှန်ကြားရေးမှူးကိုယ်စား အထွေထွေ မန်နေဂျာ ဦးမောင်မောင်ဝင်းက သင် တန်းဖွင့် အမှာစကား ပြောကြား ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

ယဉ်ကျေးမှုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန်ရပ် စံပြကျေးရွာ ချမ်း မြေ့မြိုင်ရိပ်သာကျောင်း၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော နွေရာသီကျောင်း ပိတ်ရက် ဗုဒ္ဓ၏ယဉ်ကျေးချမ်းမြေ့ သင်တန်းကို မတ် ၁၁ ရက်(စနေနေ့) မှစ၍ ဧပြီ ၈ ရက်(စနေနေ့)အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်း တက်ရောက်လိုကြသည့် ကျောင်းသား ကျောင်းသူများနှင့် ကလေးသူငယ် များသည် ဖေဖော်ဝါရီ ၂၀ရက် မှစ၍ ကိုယ်တိုင်သွားရောက် စာရင်းပေး သွင်း၍ သင်တန်းတက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၂၁-၂-၂၀၀၆ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော် ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချို့အေး မင်္ဂလာတေး
၇:၅၀	၅။	ကဗျာပန်းဥယျာဉ်
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈:၂၀	၈။	အတီးပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Let's Go
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	တေးဂီတအစီအစဉ်
၁၆:၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒအထူးပြု) [ရုက္ခဗေဒ]
၁၆:၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၁၀	၆။	ခံစားနားဆင် တေးဓာတ်ဝင်
၁၇:၂၀	၇။	**"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၃၀	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၉။	ညနေခင်းသတင်း
၁၈:၃၀	၁၀။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၁။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၆၆)
၁၈:၅၀	၁၂။	ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၁၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လှေကားထစ်လေးများ"** (အပိုင်း-၄၁)
၂၀:၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ပျော်ရွှင်ဖွယ် နေ့ကလေးများ"** (အပိုင်း-၁၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	ဘော်ဘင်ရေလှောင်တမံ
၇:၁၅	ခလေ့ရိုးရာ ရှမ်းရွာလေးများ
၇:၂၅	တေးဂီတအစီအစဉ်
၇:၃၀	အနုပညာရပ်ဝန်းမှ ပွဲတင်သံများ (Korea Stars Myanmar Tour)
၇:၄၅	ပြည်တွင်းသတင်းအကျဉ်း
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	ကြည်နူးချမ်းမြေ့ပျော်ပျော်ရွှင် အမျိုးသားကန်တော်ကြီး ဥယျာဉ် (အပိုင်း-၂)
၈:၁၅	လွယ်ကူသက်သာမြန်မာ့ ဟင်းလျာ (ငါးရံ့ခြောက်နှင့် မုန်လာဥချဉ်ရည်ဟင်း)
၈:၃၅	တေးဂီတအစီအစဉ်
၈:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၄၅	ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါ အန္တရာယ်
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	မိုးလေဝသခန့်မှန်းချက်
၉:၀၅	Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၁၀:၁၅	တေးဂီတအစီအစဉ်
၁၀:၂၀	ကျွန်းသင်းသတ်ခြင်း
၁၀:၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀	တေးဂီတအစီအစဉ်
၁၀:၄၅	မြေလှာကိုဖွင့် ပြည်ကိုမြှင့်အံ့ (အပိုင်း-၁)
၁၀:၅၅	သစ်သီးပင်မျိုးပွားနည်းများ
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ (မြန်မာ A. ထိုင်း) (နှစ်ယောက်တွဲ)
၁၁:၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများ (တီထွင်မှုမူပိုင်နှင့် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဆွေးနွေးခန်း)
၁၁:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂၂:၀၀	Benfica-Liverpool Real Madrid-Arsenal	5-Sports (Live) 5- Movies (Live)

နိုင်ငံတကာ သတင်းများ

ကြံမှအစားထိုးလောင်စာ ဘရာဇီးတွင်ထုတ်လုပ်သုံးစွဲ ထုတ်လုပ်ရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန် ဘရာဇီးသမ္မတတိုက်တွန်း

ဘရာဆီးလီးယား ဖေဖော်ဝါရီ ၂၀

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လောင်စာစွမ်းအင် အခက်အခဲကြုံတွေ့ရလျက်ရှိရာ ဘရာဇီးနိုင်ငံအနေဖြင့် ကြံမှအစားထိုး လောင်စာများကို အသုံးပြုလျက်ရှိပြီး ဆက်လက်၍ကြံမှရသော အစားထိုးလောင်စာများ ပိုမိုထုတ်လုပ်သုံးစွဲရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ဘရာဇီးသမ္မတ လူစ်အီနာဆီရိုလူလာဒါဆီလ်ဗာက တိုက်တွန်းပြောကြားလိုက်သည်။

စွမ်းအင်ကဏ္ဍအသွင်ပြောင်းလဲမှု တစ်ရပ်အဖြစ် ဘရာဇီးနိုင်ငံတွင် ရေနံစွမ်းအင်အစား ကြံမှရရှိသောလောင်စာစွမ်းအင်ကို တိုးမြှင့်အသုံးပြုကြရေးနှင့် ထုတ်လုပ်ရေးအတွက် ဘရာဇီးနိုင်ငံသားများအား ဘရာဇီးသမ္မတ လူလာဒါဆီလ်ဗာက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်း ဖြစ်သည်။

စက်ရုံများပူးတွဲတည်ဆောက်

ဘရာဇီးနိုင်ငံသည် ရေနံစွမ်းအင်အစား ကြံမှရရှိသော လောင်စာစွမ်းအင်ထုတ်လုပ်သုံးစွဲမှုကို အချိန်အတန်ကြာကပင် စမ်းသပ်ပြုလုပ်နေပြီးဖြစ်ရာ ယခုအခါ ဘရာဇီးနိုင်ငံရှိ သကြားစက်အချို့၌ လောင်စာစွမ်းအင်ပြောင်းလဲစက်ရုံများ ပူးတွဲတည်ဆောက်လျက်ရှိသည်။

အစားထိုးလောင်စာထုတ်ယူနိုင်သည့် ကြံပင်များ။

ဘရာဇီးနိုင်ငံအနေဖြင့် ကြံမှရရှိသော အစားထိုးလောင်စာစွမ်းအင် များကို ပြည်တွင်း၌ မော်တော်ယာဉ်များအသုံးပြုနိုင်သဖြင့် ပြည်ပမှရေနံ တင်သွင်းမှုကို လျှော့ချနိုင်ခဲ့သည်။ ထိုသို့လျော့ကျသွားသဖြင့် ပြည်ပမှ ရေနံစွမ်းအင်အပေါ် မှီခိုအားထားမှုမှာ ကျဆင်းသွားကြောင်း သိရသည်။

ထို့ကြောင့် ဘရာဇီးနိုင်ငံတွင် လာမည့် ၂၀၁၂ခုနှစ်၌ ကြံမှထုတ်လုပ် သော လောင်စာစွမ်းအင်စက်ရုံအသစ် ၇၀ကျော်ကို တိုးမြှင့်ဖွင့်လှစ်နိုင်ရန် တည်ဆောက်မှုများ ဆက်လက်ပြုလုပ် သွားမည်ဖြစ်ကြောင်း သိရသည်။

သုံးစွဲနေပြီဖြစ်

ယခုအခါ ဘရာဇီးနိုင်ငံအတွင်း မော်တော်ယာဉ်များ၏ ၂၅ရာခိုင်နှုန်းမှာ ကြံမှထွက်ရှိသော လောင်စာစွမ်းအင်ကို သုံးစွဲနေပြီဖြစ်သဖြင့် အနာဂတ်ကာလတွင် မိမိတို့နိုင်ငံသည် ရေနံအစားထိုးလောင်စာစွမ်းအင်၌ ဦးဆောင်နိုင်မည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဟု ဘရာဇီးနိုင်ငံမှ စွမ်းအင်ဆိုင်ရာ အရာရှိကြီးတစ်ဦးက ပြောကြားသည်။

(အင်တာနက်)

တရုတ်ယဉ်ကျေးမှု အကမယ်များ၏ စုပေါင်းညီညာ သရုပ်ဖော်အက



တရုတ်ယဉ်ကျေးမှုအကအဖွဲ့၏ ဆန်းသစ်သော ကကွက်

ပေကျင်း ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ တရုတ်နိုင်ငံမသန်မစွမ်း ယဉ်ကျေးမှုအကမယ်များက အဗာလိုကီတတ်ဗာရာအကဖြင့် လှပဆန်းသစ်သောကကွက်များဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

ဖျော်ဖြေကပြခဲ့

တရုတ်မသန်မစွမ်း ယဉ်ကျေးမှုအကမယ်များအနေဖြင့် ကိုယ်လက်ဟန်ညီ အချိုးကျသောအက၊ စုပေါင်းညီညာ သရုပ်ဖော်အကနှင့် အခြားဆန်းသစ်တီထွင်ထားသော ကကွက်များကို ပရိသတ်များအား ဖျော်ဖြေကပြခဲ့သည်။

ခွဲဝေလှူဒါန်း

ထိုတရုတ်ယဉ်ကျေးမှုအကအဖွဲ့မှာ လူမှုရေးရန်ပုံငွေအဖြစ်တင်ဆက်ကပြခဲ့ခြင်းဖြစ်ပြီး ရရှိသောငွေကြေးများကို တရုတ်နိုင်ငံ လူမှုရေးအဖွဲ့အစည်းများသို့ ခွဲဝေလှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

(အင်တာနက်)

နယူးယောက်မြို့၌ လေအေးများ ပြင်းထန်စွာတိုက်ခတ် အိမ်ခြေနှစ်သိန်း လျှပ်စစ်ပြတ်တောက်ပြီး အပူချိန် ရေခဲမှတ်အောက်ကျဆင်း

နယူးယောက် ဖေဖော်ဝါရီ ၂၀

အမေရိကန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၇ရက်က တစ်နာရီလျှင် ၇၇မိုင်နှုန်းဖြင့် လေပြင်းတိုက်ခတ်မှုကြောင့် ဟမ်ဘတ်အရပ်ရှိ အီရီရေအိုင်ကြီးမှ ရေလှိုင်းများ အနီးဝန်းကျင် လူနေအိမ်များသို့ ရိုက်ခတ်ခဲ့သည်။

ရေခဲတမျှအေးသော လေပြင်းများ ပြင်းထန်စွာတိုက်ခတ်မှုကြောင့် ဖေဖော်ဝါရီ ၁၇ရက်သောကြာနေ့၌ အိမ်နှင့် ရုံးများနှစ်သိန်းခန့် လျှပ်စစ်မီး ပြတ်တောက်ခဲ့ရသည်။

ဖြတ်သန်းတိုက်ခတ်

နယူးယောက်မြို့လယ်တွင် လေပြင်းများတိုက်ခတ်မှုကြောင့် သစ်ပင်များ ပြိုလဲကျကုန်ကြောင်း၊ စာသင်ကျောင်းများပိတ်ထားခဲ့ရကြောင်း လေပြင်းများမှာ နယူးယောက်မြို့ အနောက်အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်းများတွင် ဖြတ်သန်းတိုက်ခတ်သွားခဲ့သည်။

ထိုသို့ ရေခဲတမျှအေးသော လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် နယူးယောက်မြို့ အနောက်ပိုင်းအချို့အစိတ်အပိုင်းများတွင် အပူချိန်လျော့ကျခဲ့ရာ နာရီအနည်းငယ်မျှ ရေခဲမှတ်အောက် ကျရောက်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်နိုင်ငံတွင် လေအေးများ ပြင်းထန်စွာ တိုက်ခတ်မှုကြောင့် မီးပြတိုက်ရှိ ရေခဲမျှင်များ လွင့်စင်နေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နျူကလီးယားစွန့်ပစ်ပစ္စည်းများ တင်ဆောင်လာသော ဗြိတိသျှသင်္ဘော

ပနားမားတူးမြောင်းတွင် မတော်တဆမှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ အန္တရာယ်မှ ဘေးကင်းလုံခြုံမှုရှိရန် တင်းကျပ်ထားသော်လည်း ဖေဖော်ဝါရီ ၁၅ရက်က ပနားမားတူးမြောင်းကိုဖြတ်၍ ဗြိတိသျှသင်္ဘောတစ်စင်း ဥရောပမှ နျူကလီးယားစွန့်ပစ်ပစ္စည်း ကုန်သေတ္တာများကို တင်ဆောင်၍ ဂျပန်နိုင်ငံသို့ သယ်ဆောင်လာသည်ကို ဤသို့တွေ့ရသည်။

(ဓာတ်ပုံ-အင်တာနက်)

ဖလူးဂျာ၌ ဗုံးခွဲတိုက်ခိုက် လူရှစ်ဦး ဒဏ်ရာရရှိ

ဖလူးဂျာ ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံ ဖလူးဂျာမြို့အနီးတွင် ကင်းလှည့်နေသော အမေရိကန်နှင့် အီရတ်တပ်ဖွဲ့ဝင်များအား ပစ်မှတ်ထား တိုက်ခိုက်မှုတစ်ရပ်အဖြစ် ဗုံးဖောက်ခွဲ တိုက်ခိုက်မှုနှစ်ရပ်ကို ဖေဖော်ဝါရီ ၁၈ရက်၌ ပြုလုပ်ခဲ့ရာ အီရတ်တပ်ဖွဲ့ဝင် ခြောက်ဦး အပါအဝင် လူရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဖလူးဂျာမြို့ တောင်ဘက်၌ လမ်းဘေးဗုံး ဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် အီရတ်တပ်ဖွဲ့ဝင် ခြောက်ဦး သေဆုံးပြီး မော်တော်ယာဉ်လည်း ပျက်စီးသွားသည်။

နောက်ထပ်ဗုံးဖောက်ခွဲ တိုက်ခိုက်မှုတစ်ရပ်မှာ ဖလူးဂျာမြို့အနောက်ပိုင်းတွင် အမေရိကန် ကင်းလှည့် မော်တော်ယာဉ်ကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ရေလွှမ်း၊ ၁၃ ဦး သေဆုံး

မနီလာ ဖေဖော်ဝါရီ ၂၀

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း မင်ဒါနာရိုမြို့ အရှေ့မြောက်ပိုင်း၌ လွန်ခဲ့သည့် သီတင်းပတ်မှစ၍ ရေလွှမ်းမှုကြောင့် အနည်းဆုံး လူ ၁၃ ဦးသေဆုံးပြီး အခြား သုံးဦး ပျောက်ဆုံးကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း ဖိလစ်ပိုင်အရာရှိများက ဖေဖော်ဝါရီ ၁၈ရက်၌ ပြောကြားသည်။

ရေလွှမ်းမှုခံစားနေရသော နယ်မြေများအား မြို့ပြကာကွယ်ရေးရုံးမှ အကူအညီများပေးလျက်ရှိကြောင်း၊ ရေလွှမ်းမှုကြောင့် ပျက်စီးမှုစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ ၆ဒသမ ၇သန်းခန့်ရှိနိုင်ကြောင်း အဆိုပါရုံးမှ ပြောကြားသည်။

ဖြန့်ဝေပေး

ဒေသဆိုင်ရာ အာဏာပိုင်များကလည်း ရေလွှမ်းမိုးမှု ဒဏ်ခံစားနေရသူများအား အကူအညီများပေးလျက်ရှိရာ ဖိလစ်ပိုင် ပီဆိုငွေ တစ်သန်းခန့် တန်ဖိုးရှိသော အစားအစာနှင့်အဝတ်အထည်များကို အိမ်ထောင်စု ၁၀၀၀ခန့်အား ဖြန့်ဝေပေးလျက်ရှိသည်။

မြေပြို

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေပြိုမှုများလည်း ဖြစ်ပွားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖွံ့ဖြိုးမှုနှေးကွေးလျက်ရှိသောကလေးများ ဖွံ့ဖြိုးလာစေရန် ဂရုစိုက်မှုနှင့်အားပေးမှုများ လုပ်ဆောင်ပေးသင့်

စိန့်လူးဝစ် ဖေဖော်ဝါရီ ၁၉

မိဘမဲ့ကလေးများဂေဟာ၌ နေထိုင်ကြရသောကလေးများ၏ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဦးနှောက်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှေးကွေးလျက်ရှိကြောင်း၊ သို့သော် ဖွံ့ဖြိုးတိုးတက်မှုများ ပြန်လည်ရရှိရန်အတွက် ၎င်း ကလေးများအပေါ် ဂရုစိုက်မှုနှင့်အားပေးမှုများသည် ကောင်းမွန်သော အထောက်အကူများ ပြုလာနိုင်ကြောင်း သုတေသန ပညာရှင်များက ဖေဖော်ဝါရီ၁၇ ရက်၌ ပြောကြားသည်။

နိုင်ငံအတွင်းရှိ မိဘမဲ့ကလေးများ ဂေဟာမှ ကလေးငယ်များကို ပြုစုစောင့်ရှောက်မှုများပေးခဲ့ရာ ကလေးများ၏ အရပ်များရှည်ထွက်လာပြီး ခန္ဓာကိုယ်အလေးချိန်များ တိုးလာက စိတ်ဖိစီးမှုနှင့် စိုးရိမ်ကြောင့်ကြမှုများ ကင်းဝေး သွားကြောင်း ရိုမေးနီးယားနိုင်ငံရှိ ကလေးများဂေဟာ၏ အတွေ့အကြုံများက ပြဆိုလျက်ရှိသည်။

အခွင့်အလမ်းများရရှိ

ရိုမေးနီးယားနိုင်ငံတွင်သာမက မိဘမဲ့ကလေးများ ဂေဟာ အားလုံး၏ လေ့လာတွေ့ရှိချက်များကို သုတေသန ပညာရှင်များက ပြောဆိုရာတွင် ဂရုစိုက်မှုမရှိသော ကလေး များ ဂေဟာတစ်ခုမှ လေ့လာမှုတစ်ခုတွင် ဂရုစိုက်မှု၏ တန်ပြန်အကျိုးသက်ရောက်မှုများကို ၎င်းတို့ လေ့လာသိရှိ ရသောကြောင့် ၎င်းတို့အတွက် အထောက်အကူပြုသော အကျိုးရလဒ်များကိုရရှိခဲ့သည်ဟု ဆိုသည်။

အဆိုးရွားဆုံးနေရာ

ကလေးများ ဖွံ့ဖြိုးရန်အတွက် မိဘမဲ့ကလေးများ ဂေဟာသည် အဆိုးရွားဆုံးနေရာဖြစ်ကြောင်း ဆရာဝန် တစ်ဦးက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြား လိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျာမနီ နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဟောင်ကောင်မှ ပီတာကမ် အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရရှိ

ဘာလင် ဖေဖော်ဝါရီ ၂၀

ဂျာမနီနိုင်ငံ ဘာလင်မြို့တွင် ဖေဖော်ဝါရီ ၁၈ရက်က ကျင်းပသည့် (၅၆)ကြိမ်မြောက် နိုင်ငံတကာရုပ်ရှင်ပွဲတော် တွင် ဟောင်ကောင်မှ ပီတာကမ်က အကောင်းဆုံး ရုပ်ရှင် တေးဂီတဆုကို လက်ခံရရှိခဲ့သည်။

(၅၆)ကြိမ်မြောက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်တွင် ပီတာကမ် ဆုရရှိခဲ့ခြင်းမှာ 'အီဆာဘီလ်လာ' ရုပ်ရှင် ဇာတ်ကားဖြင့် တေးဂီတဆိုင်ရာ အကောင်းဆုံးဆုရရှိခဲ့ခြင်း ဖြစ်သည်။ ပီတာကမ်သည် အဆိုပါဇာတ်ကားတွင် တေးဂီတ ဆိုင်ရာများ အဝင်အထွက် အဖြတ်အတောက် ကောင်းမွန် ပီပြင်စွာဖြင့် တင်ဆက်နိုင်ခဲ့ခြင်းဖြစ်သဖြင့် ယခုကဲ့သို့ ဆုရရှိခဲ့ခြင်းဖြစ်သည်။

ရုပ်ရှင်တေးဂီတဆု

(၅၆)ကြိမ်မြောက် နိုင်ငံတကာ ရုပ်ရှင်ပွဲတော်၌ ပီတာကမ်ရရှိခဲ့သော အကောင်းဆုံးရုပ်ရှင် တေးဂီတ ဆိုင်ရာ ဆုတံဆိပ်မှာ ငွေဖြင့်ပြုလုပ်ထားသော ဝက်ဝံလေး တစ်ကောင်၏ အရုပ်ဖြစ်သည်။

(အင်တာနက်)

အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရှင် ပီတာကမ်

ဖိလစ်ပိုင်ရှိကန်စစ်အခြေစိုက်စခန်းအနီး ဗုံးခွဲတိုက်ခိုက် အစောင့်တစ်ဦးသေဆုံးပြီး လူ ၂၀ခန့် ဒဏ်ရာရရှိ

မနီလာ ဖေဖော်ဝါရီ ၂၀

ဖိလစ်ပိုင်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့ဝင်များ အသုံးပြု ထားသော စစ်အခြေစိုက် စခန်းတစ်ခုအနီး ဗုံးခွဲတိုက်ခိုက်မှု တစ်ရပ် ဖေဖော်ဝါရီ ၁၈ရက် စနေနေ့ကဖြစ်ပွားရာ အစောင့်တစ်ဦးသေဆုံးပြီး အနည်းဆုံးလူ ၂၀ခန့် ဒဏ်ရာရရှိ ခဲ့ကြောင်း သိရသည်။

လမ်းပိတ်ထား

အဆိုပါ စစ်အခြေစိုက်စခန်းအနီးရှိ စားသောက်ဆိုင် တစ်ခု၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ဖိလစ်ပိုင်ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့ ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဗုံးပေါက်ကွဲ မှုကြောင့် ဂျိုလိုစစ် အခြေစိုက်စခန်းသို့သွားသည့် လမ်းကို ပိတ်ထားလိုက်ကြောင်း အမေရိကန်စစ်ဘက် ဆိုင်ရာ အရာရှိတစ်ဦးက ပြောကြားသည်။

မကြာခဏတိုက်ခိုက်

ဗုံးဖောက်ခွဲတိုက်ခိုက်မှု နောက်ကွယ်တွင် မည်သူ ကြိုးကိုင်နေ သည်ကို မိမိတို့သေချာစွာ မသိရသေးကြောင်း အဘူဇာယက်ဖ်အဖွဲ့မှ ဖြစ်နိုင်ကြောင်း ၎င်းကပြောကြား သည်။ ဖိလစ်ပိုင်ရှိ ဂျိုလိုစစ်အခြေစိုက် စခန်းကို မကြာမီ နှစ်များမှ စတင်ကာ အဘူဇာယက်ဖ်အဖွဲ့မှ မကြာခဏ တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

(အင်တာနက်)

နိုင်ငံတကာ သတင်းများ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စွမ်းရည်ပြသည့်မိန်းကလေးငယ်

ပါးစပ်ဖြင့် ကိုက်ထားသော သံချောင်းပေါ်၌ ခွက်ပြုတ်မကျအောင် စွမ်းရည်ပြနေသူ တစ်ဦးကို တွေ့ရစဉ်။ (အပေါ်ပုံ)

တရုတ်နိုင်ငံ အရှေ့ပိုင်း ဟီဖိုင်မြို့တွင် မိန်းကလေးငယ် တစ်ဦးက သူမ၏ ပါးစပ်ဖြင့် ကိုက်မထားသော သံချောင်းချွန်ပေါ်တွင် ဟင်းခွက်များ၊ ဂေါ်လီလုံးများကိုတင်ကာ အောက်သို့ ပြုတ်မကျအောင် စွမ်းရည်ပြသခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ရိုက်တာ

ပျားကောင်များဖြင့် ရောဂါကုသသူ

ပျားကောင်များကို မျက်နှာပေါ်၌ နားစေပြီး ရောဂါကုသမှု ပြုနေသူတစ်ဦးအား တွေ့ရစဉ်။ (အောက်ပုံ)

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ အင်ဒိုနီးရှားအမျိုးသား တစ်ဦးဖြစ်သူမွန်တိုယစ်က မျက်နှာနှင့်လည်ပင်းများရှိ သွေးကြော၊ လေကြောများပွင့်ပြီး ကျန်းမာရေးကောင်းမွန်လာစေရန် ပျား ကောင်များကို မျက်နှာနှင့်လည်ပင်းများတွင် နားစေကာကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ပျားကောင်တွင်ရှိသော အဆိပ်တစ်မျိုးသည် နာတာရှည် ရောဂါများကို ကုသရာတွင် အကျိုးဖြစ်ထွန်းစေကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

လက်တင်အမေရိက၏ အကြီးမားဆုံးအပန်းဖြေစခန်း မက္ကဆီကိုနိုင်ငံ၌ တည်ဆောက်တော့မည်

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၀

လက်တင်အမေရိကတွင် အကြီးမားဆုံးသော အပန်းဖြေစခန်းကြီးတစ်ခုကို မက္ကဆီကိုနိုင်ငံတွင် တည်ဆောက်ရန် စပိန်ခရီးသွားလုပ်ငန်းအဖွဲ့က ဆောင်ရွက်နေပြီဖြစ်ကြောင်း အဆိုပါ ခရီးသွားလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဂျူလီရိုဖာနန်ဒိုနီဗယ်က ဖေဖော်ဝါရီ၁၇ရက် သောကြာနေ့၌ ပြောကြားလိုက်သည်။

လက်တင်အမေရိက၏ အကြီး မားဆုံးအပန်းဖြေစခန်းကို အမေရိကန် ဒေါ်လာသန်း ၄၅၀အကုန်အကျခံကာ တည်ဆောက်မည်ဖြစ်ပြီး ယခုအခါ မြေပြင်စမ်းသပ်စစ်ဆေးမှုများ ပြုလုပ် လျက်ရှိရာ လာမည့် ၂၀၀၈ ခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်ရန် တည်ဆောက် သွားမည်ဖြစ်သည်။

အလုပ်ရရှိကြမည်

အပန်းဖြေစခန်းကြီး စတင် ဖွင့် လှစ်ချိန်၌ ဝန်ထမ်းများ အလုပ်အကိုင် ၂၅၀၀ ရရှိမည်ဖြစ်ပြီး ဆောက်လုပ် ရေးကဏ္ဍတွင် အလုပ်အကိုင် ၅၀၀၀ ခန့် အလုပ်ရရှိကြမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်

ယခုကဲ့သို့ လက်တင်အမေရိက ၏ အကြီးမားဆုံးအပန်းဖြေစခန်းကြီး မက္ကဆီကိုတွင် ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံ အတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက် လာပြီး နိုင်ငံ၏ စီးပွားရေးလုပ်ငန်း လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် သည်။

အဆိုပါအပန်းဖြေစခန်းအဆောက် အအုံကြီးသည် အခန်း ၅၀၀ပါရှိသော ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ်တစ်ခု ပါရှိပြီး အခန်း၂၅၀၀ပါရှိသော လူနေ ခန်းများနှင့် ရွက်လှေ ၁၅၀ဆိုက်ကပ် နိုင်သော လှေဆိပ်တစ်ခု အပါအဝင် အမျိုးမျိုးအဖုံဖုံရရှိနိုင်သော ကုန်ပဒေ သာ စားသောက်ဆိုင်ကြီးတစ်ခုလည်း ပါဝင်ကြောင်း သိရှိရသည်။

ထို့အပြင် အမေရိကန်ဂေါ့ဖ်သမား ကြီး ဂျက်နက်စ်လပ်စ်က ပုံစံဒီဇိုင်း ရေးဆွဲထားသည့် လက်တင်အမေရိက ၏ ပထမဆုံးသော စီးပွားရေးဂေါ့ဖ် ကွင်း တစ်ခုလည်း ပါဝင်မည်ဖြစ် သည်။ **အမ်အင်အေ၊ဆင်ဟွာ**

သီရိလင်္ကာမှ ဆူနာမီဒုက္ခသည်များအတွက် ဗင်နီဇွဲလားက နေအိမ်များဆောက်လုပ်ပေးမည်

ကိုလံဘို ဖေဖော်ဝါရီ ၂၀

ဗင်နီဇွဲလားနိုင်ငံသည် သီရိလင်္ကာနိုင်ငံမှ ဆူနာမီဒုက္ခသည်များအား နေအိမ်များ ဆောက်လုပ်ပေးရန်အတွက် သီရိလင်္ကာဖွံ့ဖြိုးရေးနှင့် ပြန်လည်ထူထောင်ရေးအေဂျင်စီတို့နှင့်အတူ နားလည်မှုစာချွန်လွှာတစ်ရပ်ကို မကြာသေးမီက လက်မှတ်ရေးထိုးလိုက်ကြောင်း နေ့စဉ်သတင်းစာက ဖေဖော်ဝါရီ ၁၈ရက်တွင် ဖော်ပြသည်။

ဗင်နီဇွဲလားနိုင်ငံက လွန်ခဲ့သည့်နှစ် ဇွန်လက သီရိလင်္ကာ ဆူနာမီပြန်လည် ထူထောင်ရေးအတွက် ဒေါ်လာ ၆ဒသမ ၂သန်းကို လှူဒါန်းခဲ့ကြောင်းလည်း ၎င်းနေ့စဉ်သတင်းစာက ဖော်ပြသည်။

ဆောက်လုပ်ပေးသွားမည်

အဆိုပါ လှူဒါန်းထားသော ရန်ပုံငွေကိုအသုံးပြု၍ သီရိလင်္ကာတောင်ပိုင်း၌ ဆူနာမီဒုက္ခသည်များအတွက် အမြဲတမ်း နေအိမ် အလုံး ၆၀၀မှ၁၀၀၀အထိ ဆောက်လုပ်ပေးသွားမည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

မှော်ဘီတပ်နယ်နှင့်တိုက်ကြီးတပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်းတက်ရောက်ပျိုးထောင်စိုက်ပျိုးပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်းစစ်ဌာနချုပ် မှော်ဘီတပ်နယ်ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်စိုက်ပျိုးပေးကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ခြံစည်းရိုးကြက်ဆူ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးရေး၊ ပျိုးထောင်စိုက်ပျိုးထားသည့် ကြက်ဆူပင်များ ရှင်သန်ကြီးထွား ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းရေးတို့နှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မှော်ဘီတပ်နယ် တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ဦးက ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ရန်ကုန်တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရာတွင် သတိပြုရမည့် အချက်များ၊ နည်းပညာရပ်များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်ပရိသတ်များသည် အခမ်းအနား၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှပြသသည့် ခြံစည်းရိုးကြက်ဆူပင်၊ ခြံစည်းရိုးကြက်ဆူကိုင်းမှအမြစ်နှင့်အညွန့်အထွက်အားကောင်းစေရန် ဟော်မုန်းဆေးရည်စိမ်ခြင်း လက်တွေ့ပြသမှု၊ ခြံစည်းရိုးကြက်ဆူအသီး၊ အစေ့၊ ကြိတ်ဖတ်၊ အဆီ၊ အစေ့ပျိုးပင်နှင့်ကိုင်းဖြတ်ပျိုးပင်နှင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးမှုပညာပေး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့်မျိုးကိုင်းများကိုပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြသည်။

စိုက်ပျိုးပေး

ထို့နောက်တိုင်းမှူး၊ ဇနီးနှင့်တာဝန်ရှိသူများသည် တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှစုဆောင်းပျိုးထောင်ထားရှိသည့်ခြံစည်းရိုးကြက်ဆူပျိုးပင် ၃၇၈၀၀၊ မျိုးကိုင်း ၂၅၀၀၀နှင့်မျိုးစေ့ပျိုးထောင်နေမှုတို့ကို လိုက်လံကြည့်ရှုကြပြီး ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြသည်။**(အပေါ်ပုံ)**

အလားတူတိုက်ကြီးတပ်နယ်ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီခွဲက အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် တိုက်ကြီးတပ်နယ် တပ်နယ်မှူးဗိုလ်မှူးကြီးဝင်းမောင်က ခြံစည်းရိုး ကြက်ဆူပင်ပျိုးပွဲတော် ကျင်းပရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မျိုးစေ့များပေးအပ်

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့်ဧည့်သည်တော်များသည် ပျိုးဥယျာဉ်၌ ပြသထားသည့်ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့၊ မျိုးကိုင်း၊ ပျိုးပင်နှင့် နည်းပညာပေးမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး တိုင်းမှူးနှင့်ဇနီးတို့က တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ဌာနဆိုင်ရာများအား ခြံစည်းရိုး ကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပေးအပ်သည်။

ပျိုးထောင်ပေး

ထို့နောက် တိုင်းမှူးနှင့် ဇနီးတို့က ခြံစည်းရိုးကြက်ဆူမျိုးကိုင်းနှင့် မျိုးစေ့များကို ပျိုးအိတ်များအတွင်း ထည့်သွင်း ပျိုးထောင်ပေးကြပြီး ပျိုးဥယျာဉ်အတွင်း တပ်နယ်၊ တပ်ရင်း၊ တပ်ဖွဲ့နှင့် ဌာနဆိုင်ရာများက စုဆောင်းပျိုးထောင်ထားရှိသည့် ခြံစည်းရိုး ကြက်ဆူမျိုးစေ့ ၁၂၂၈၉၀နှင့် မျိုးကိုင်း ၈၉၀၀ကို ကြည့်ရှုကြသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် စက်မှုလယ်ယာ ဦးစီးဌာနက ပြသသည့် လက်နှိပ်ကိရိယာဖြင့် ခြံစည်းရိုးကြက်ဆူဆီ ထုတ်လုပ်ပြသမှု၊ ကြက်ဆူဆီ အသုံးပြုပုံ၊ ကြက်ဆူဆီကို လက်တွန်းထွန်စက်အတွင်း ထည့်သွင်းမောင်းနှင်ပြသမှုကို ကြည့်ရှုကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် တာဝန်ရှိသူများက ပျိုးပွဲတော်အထိမ်းအမှတ် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပေးကြပြီး တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများ မိသားစုဝင်များနှင့် ဌာဆိုင်ရာ ဝန်ထမ်းများ၏ ခြံစည်းရိုးကြက်ဆူမျိုးကိုင်းများ စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

အင်းစိန်မြို့ ကျက်သရေဆောင် ဖောင်တော်ဦး မတ်ရပ်တော်ဘုရားကြီးတွင် အသံမစဲ မဟာပဋ္ဌာန်းပိတ်ပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ဓာတ်တော်များ (၁၅)ကြိမ်မြောက် မြို့နယ်အတွင်း လှည့်လည်အပူဇော်ခံရရှိသည့် အလှူငွေကျပ် ၂၉၆၇၁၃၀ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၈ရက်က မတ်ရပ်တော်ဘုရားကြီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးဝင်းလွင်နှင့် ကြို့ကုန်းအနောက်ရပ်ကွက်ဥက္ကဋ္ဌ ဦးမွန်သိန်းတို့က အလှူငွေကျပ် ၂၉၆၇၁၃၀ ကို ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်ထံ ပေးအပ်လှူဒါန်းစဉ်။
(၀၄၆)

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် နမ့်လတ်ပျိုးဥယျာဉ်စစ်ဆေး ဒေသတွင်း ကြက်ဆူပင်တိုးချဲ့စိုက်ပျိုးရေးမှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် ကလောတပ်နယ်မှ ဗိုလ်မှူးချုပ်သက်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၃ ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ် နမ့်လတ်ပျိုးဥယျာဉ်သို့ သွားရောက်၍ ခြံစည်းရိုး ကြက်ဆူပင်ပေါက်များ ပျိုးထောင်ထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ ပျိုးဥယျာဉ် တာဝန်ခံ မန်နေဂျာ ဦးတင်နိုင်နှင့် ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးကျော်သန်းတို့က ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၃၅၀၀၀၀ ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ညှိနှိုင်းဆောင်ရွက်

ထို့နောက် တိုင်းမှူးက ဒေသတွင်း ကြက်ဆူပင် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် မှာကြားကာ ပျိုးဥယျာဉ်အတွင်း နမ့်လတ်ချောင်းမှ ရေအားဖြင့် ရေတင်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်နီဘက်စုံ စိုက်ပျိုး/မွေးမြူရေးစခန်းရှိ ခြံစည်းရိုး ကြက်ဆူပျိုးခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်မှုလက်မှုအထက်တန်းကျောင်း မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

စက်မှုလက်မှုအထက်တန်းကျောင်း THS (2) (ဘောင်ဒရီ)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ပထမအကြိမ် ပူဇော် ကန်တော့ပွဲ နှင့် မိတ်ဆုံစားပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိ၍ ကျောင်းသားဟောင်းများ ဆရာဦးတင်ဝင်း (ခတုဗေဒ) ဖုန်း– ၅၀၂၅၇၂၊ကိုရဲမြင့် ဖုန်း– ၅၂၄၁၉၇၊ ကိုခင်ဇော် ဖုန် း– ၅၂၄၉၄၂၊ ကိုအောင်မြ ဖုန်း–၇၂၄၅၆၅၊ ကိုနေအောင် ဖုန်း– ၀၉–၅၁၀၆၁၆၂၊ ကိုသိန်းထွဋ် ဖုန်း– ၀၉–၅၀၁၃၁၉၄နှင့် ကိုသန်းဌေး ဖုန်း– ၀၉–၅၁–၄၉၃၃၀ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(က–ပ)**

ဖေဖော်ဝါရီ၁၄ ရက်က ကျန်းမာရေး ဦးစီးဌာန ဗဟို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ တာဝန်ရှိသူများ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် Best သောက်ရေသန့်စက်ရုံ အစားအသောက် ထုတ်လုပ်ခြင်းနှင့် ထောက်ခံချက် သက်တမ်းတိုးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်ရာ တာဝန်ခံ ဦးစိုးဝင်းနိုင်က ရှင်းလင်းတင်ပြစဉ်။ (၁၈၀)

တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက်တွင် ကြက်ဆူပင် စိုက်ပျိုးရန် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဗြဟ္မစိုရ်ရောင်းဝယ်ရေး သမလီမိတက်တွင် ဖေဖော်ဝါရီ ၁၂ ရက်က ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်းက ဗြဟ္မစိုရ်ရောင်းဝယ်ရေး သမလီမိတက်ဥက္ကဋ္ဌ တေးသံရှင် ကျော်ကုန်း စိုးမြင့်သို့ ကြက်ဆူပင်နှင့် မျိုးစေ့များပေးအပ်စဉ်။
(၁၉၂)

မြဝတီရုပ်မြင်သံကြား

၂၁–၂–၂၀၀၆
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၈။ ပညာခေတ်
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း–၁၆)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပါရမီရှင် သိုင်းလုလင်"** (အပိုင်း–၁၉)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ All China Women's Federation Chairperson အား တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် ပေကျင်းမြို့ရှိ All China Women's Federation သို့ သွားရောက်၍ အဆိုပါ Federation Chairperson မဒမ်ဂူရှုလျန်အား တွေ့ဆုံနှုတ်ဆက်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တွေ့ဆုံပွဲအပြီးတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ All China Women's Federation Chairperson မဒမ်ဂူရှုလျန်အား တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ Guangzhou Women's Federation Chairwomen နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဂွမ်ဒုန်းပြည်နယ် ဂွမ်ကျိုးမြို့ရှိ Guangzhou Women's Federation အဆောက်အအုံ၌ Federation Chairwomen Ms.Li Jin နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုး၊ သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး အမျိုးသမီးရေးရာကိစ္စများကို ဆွေးနွေးကာ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် အဆိုပါ Federation ၏ သင်တန်းဌာနများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

ဂွမ်ဒုန်းပြည်နယ် ဂွမ်ကျိုးမြို့ရှိ Guangzhou Women's Federation အဆောက်အအုံ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် Federation Chairwomen Ms.Li Jin တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ ခြစ်ဆီးရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီအောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ဘက်စုံ၊ ကဏ္ဍစုံအသုံးဝင်သည့် ခြစ်ဆီးရိုးကြက်ဆူပင်

သဘာဝသည် လူတို့၏လိုအပ်ချက်ကို ဖန်တီးပေးနိုင်သဖြင့် သဘာဝအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်၍ အသုံးချလျက်ရှိရာ ယခုအခါ ခြစ်ဆီးရိုးကြက်ဆူပင်ကို လောင်စာအစားထိုး ဇီဝဒီဇယ်ဆီအဖြစ်သာမက စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ လူမှုရေး၊ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးစသည့် ကဏ္ဍများတွင်ပါ အသုံးချနေပြီဖြစ်သည်။

ဘက်စုံအသုံးဝင်

စိုက်ပျိုးရေးကဏ္ဍတွင် သဘာဝမြေသြဇာအဖြစ်လည်းကောင်း၊ ကျန်းမာရေးကဏ္ဍတွင် ဆေးဝါးကုသရေးအတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် မြေဆီလွှာထိန်းသိမ်းရေးနှင့် လေကာပင်၊ ခြံကာပင်အဖြစ် လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် ကြက်ဆူပင်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားစေခြင်းဖြင့်လည်းကောင်း၊သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ခြစ်ဆီးရိုးကြက်ဆူဆီကို အသုံးပြု၍ မော်တော်ယာဉ်များ၊ ထော်လာဂျီများနှင့် စက်တပ်ရေယာဉ်များ မောင်းနှင်ခြင်းဖြင့်လည်းကောင်း၊ လူမှုရေးကဏ္ဍတွင် အိမ်သုံးလျှပ်စစ်မီးထွန်းခြင်းနှင့် ထမင်းဟင်း ချက်ပြုတ်ခြင်းများတွင်လည်းကောင်း ဘက်စုံအသုံးဝင်လာပြီဖြစ်သည်။

ဆေးဖက်ဝင်အပင်

ခြစ်ဆီးရိုးကြက်ဆူပင်သည် ဆေးဖက်ဝင်အပင်ဖြစ်၍ အဆီကို ဝမ်းနုတ်ဆေးအဖြစ်လည်းကောင်း၊ အရေပြားလိမ်းဆေးအဖြစ်လည်းကောင်း၊ ကြွက်သားနာကျင်ကိုက်ခဲမှုပျောက်ဆေးအဖြစ်လည်းကောင်း၊ အပင်၏ ရိုးတံအနုကို သွားတိုက်တံအဖြစ်လည်းကောင်း၊ သွားနာ၊ သွားကိုက်ပျောက်ဆေးအဖြစ်လည်းကောင်း၊ အရွက်နှင့် အမြစ်တို့မှ ထုတ်ယူသော အရည်ကို ဝမ်းလျှော ဝမ်းပျက်ရောဂါ ကုသရာတွင်လည်းကောင်း မြွေဆိပ်ဖြေဆေး၊ သီးနှံပိုးမွှား ကာကွယ်ဆေးအဖြစ်လည်းကောင်း အသုံးဝင်သည့် အပင်ဖြစ်သည်။ ။



မော်တော်ယာဉ်များ၊ ထော်လာဂျီများ၊ မီးစက်၊ ရေစုပ်စက်နှင့် စက်တပ်ရေယာဉ်များတွင် အစားထိုးလောင်စာဆီအဖြစ် ခြစ်ဆီးရိုးကြက်ဆူဆီဖြင့် သုံးစွဲမောင်းနှင်မှုကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

ကျိုက်ဒေးယျုံခမ္မာဒူတာခရီး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သန်လျင်မြို့ စာတိုက်ကုန်းမဏ္ဍလာရာမကျောင်းတိုက် ပဓာနနာယကဆရာတော် ကျိုက်ဒေးယျုံအရှင်ဥတ္တရ ခမ္မာစရိယ နယ်လှည့်ခမ္မကထိကသည် ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၅ ရက်အထိ ခရမ်းမြို့နယ်၊ သုံးခွမြို့နယ် မကျီးကန်ရွာ၊ ကျုံမရမ်းရွာ၊ ရိုးကြီးရွာ၊ ကျောင်းကန်ကြီးရွာ၊ ပိန်းကန်ရွာ၊ စွယ်ကတောရွာ၊ အေးရွာ၊ ကမာကြတ်ရွာ၊ ညောင်လန်းကန်ရွာ၊ ၂၆ ရက်တွင် ကျောက်တန်းမြို့ ရွှေမော်ဝန်း သာသနာ့ဗိမာန် အထူးတရားပွဲ၊ မတ် ၁ ရက်မှ ၁၀ ရက်အထိ ရခိုင်ပြည်နယ် အမ်းမြို့ မြို့ဦးကျောင်း တရားစခန်း၊ ၁၂ ရက်တွင် ခရမ်းမြို့နယ် မကျီးကန်ရွာ ရဟန်းခံရှင်ပြု သိက္ခာထပ်ပွဲ၊ ၁၃ ရက်တွင် သန်လျင်မြို့ ဦးသောင်းလှိုင် အလှူပွဲတို့၌ တရားဟောကြားမည်ဟု သိရသည်။ **(က–ပ)**

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ မြန်မာ့အသံ(ရေဒီယိုအစီအစဉ်)မှ ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲအထောက်အကူပြု သင်ခန်းစာများကို တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ လေ့လာနိုင်ရန်အတွက် မြန်မာ့အသံ(ရေဒီယိုအစီအစဉ်)မှ ဖော်ပြပါရက်များအတိုင်း နေ့စဉ် ညနေ ၄ နာရီ ၁၀ မိနစ်မှစတင်၍ လှိုင်းလတ် မီတာ ၅၂၀ နှင့် လှိုင်းတို ၅၀ ဒသမ ၁၃ မီတာတို့မှ အသံလွှင့်ပေးမည်ဖြစ်သည်။

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ ရေဒီယိုမှထုတ်လွှင့်မည့် အစီအစဉ်ဇယား

စဉ်	ဘာသာ	အသံလွှင့်ရက်	ထပ်ကျော့လွှင့်ရက်
၁	စိတ်ကြိုက်မြန်မာစာ	၂၁–၂–၂၀၀၆	၂–၃–၂၀၀၆
၂	ဘောဂဗေဒ	၂၂–၂–၂၀၀၆	၃–၃–၂၀၀၆
၃	ပထဝီဝင်	၂၃–၂–၂၀၀၆	၄–၃–၂၀၀၆
၄	ဇီဝဗေဒ/သမိုင်း	၂၄–၂–၂၀၀၆	၅–၃–၂၀၀၆
၅	ရူပဗေဒ	၂၅–၂–၂၀၀၆	၆–၃–၂၀၀၆
၆	ဓာတုဗေဒ	၂၆–၂–၂၀၀၆	၇–၃–၂၀၀၆
၇	သင်္ချာ	၂၇–၂–၂၀၀၆	၈–၃–၂၀၀၆
၈	အင်္ဂလိပ်စာ	၂၈–၂–၂၀၀၆	၉–၃–၂၀၀၆
၉	မြန်မာစာ	၁–၃–၂၀၀၆	၁၀–၃–၂၀၀၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ဂွမ်ကျိုးမြို့ ပိုင်းယွင်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်နှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



✡ **ရှေ့ဖုံးမှ**

ယင်းသိပ္ပံမြို့တော်သည်အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ်မြင့်မားသည့်နည်းပညာများကိုဖန်တီးဖော်ဆောင်သွားရန်ရည်မှန်းထားသည့် သိပ္ပံမြို့တော်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဂွမ်ကျိုးသိပ္ပံမြို့တော်ရှိ Lianzhong Stainless Steel Corporation ၏သံမဏိစက်ရုံသို့သွားရောက်လေ့လာကြရာ ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာလီက သံမဏိစက်ရုံတည်ဆောက်ခဲ့မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ သံမဏိသံပြားအမျိုးမျိုး ထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ သံမဏိသံပြားထုတ်လုပ်နေမှုများနှင့် ထုတ်လုပ်ထားသည့် ကုန်ချောပစ္စည်းများကို လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ကော်ပိုရေးရှင်းဥက္ကဋ္ဌတို့သည် လက်ဆောင် ပစ္စည်းများကို အပြန်အလှန်ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ဂွမ်ကျိုးသိပ္ပံမြို့တော် Lianzhong Stainless Steel Corporation ၏ သံမဏိစက်ရုံ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

Lianzhong Stainless Steel Corporation ၏ သံမဏိစက်ရုံသည် ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ပစ္စည်းကိရိယာများကိုအသုံးပြု၍ သံမဏိသံပြားအမျိုးမျိုးထုတ်လုပ်လျက်ရှိသည့် သံမဏိစက်ရုံကြီးဖြစ်သည်။ နှစ်စဉ်ထုတ်လုပ်မှုပမာဏမှာ သံပြားအပါးစား တန်သုံးသိန်းဖြစ်ပြီး သံပြားထုများကို ဝဒသမ၃မီလီမီတာမှ ၁၀မီလီမီတာထုအထိ ထုတ်လုပ်နိုင်ပြီး တစ်နှစ်ထုတ်လုပ်မှုမှာ တန်ရှစ်သိန်းထုတ်နိုင်သည့် စက်ရုံဖြစ်ကြောင်းသိရသည်။

ရှင်းကျန့်မြို့

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း၊ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁၈ရက် နံနက်၉နာရီခွဲတွင် ဂွမ်ကျိုးမြို့မှ ရှင်းကျန့်မြို့ Shenzhen High Tech Industry Park သို့ မော်တော်ယာဉ်များဖြင့်ရောက်ရှိကြရာ ရှင်းကျန့်မြို့ ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့နှင့် Shenzhen High Tech Industry Park မှ ဒါရိုက်တာအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန်မစ္စတာကျိုချင်းရွှေ့က မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Shenzhen High Tech Industry Park Director Mr. Lin က Shenzhen High Tech Industry Park စတင်တည်ထောင်ခဲ့မှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ပဏာမတင်ပြပြီး Industrial Park ၏ဖွံ့ဖြိုးတိုးတက်မှုများကို ရုပ်ရှင်ဖြင့် ဆက်လက်ရှင်းလင်းပြသသည်။

ရှင်းလင်းဖြေကြား

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာတို့က သိလိုသည်များကိုမေးမြန်းကြရာ ဒုတိယမြို့တော်ဝန်မစ္စတာကျိုချင်းရွှေ့နှင့် ဒါရိုက်တာမစ္စတာလင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်မစ္စတာကျိုချင်းရွှေ့က ရှင်းကျန့်မြို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏စီးပွားရေးတံခါးဖွင့် မူဝါဒကျင့်သုံးမှုကြောင့် ယခုကဲ့သို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့ ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအမှတ်(၁၄)ရှိ ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာချန်ရှန်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အမှတ်(၁၄) ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Telecommunications Corporation မှ ဒါရိုက်တာ Mr.Liang Niu အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ရှင်းကျန့်မြို့ Wuzhou Guest House ၌ ရှင်းကျန့်မြို့တော်ဝန် မစ္စတာရွှီဇုန်းဟန်က ဂါရဝပြုတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ဗဟိုအစိုးရအနေဖြင့် ရှင်းကျန့်မြို့၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရန် စမ်းသပ်နယ်မြေအဖြစ်သတ်မှတ်ပြီး ဦးစားပေးမူဝါဒများ ချမှတ်ပေးခဲ့ပါကြောင်း။

ပြင်ဆင်မှုများဆောင်ရွက်

မိမိတို့အတွေ့အကြုံအရ စီးပွားရေးဖွံ့ဖြိုးမှုရရှိစေရန် လိုက်လျောညီထွေရှိစေမည့်ပြင်ဆင်မှုများကိုလည်း မကြာခဏဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအခါ ရှင်းကျန့်မြို့ရှိ ကုမ္ပဏီပေါင်း ၅၂ ရာခိုင်နှုန်းမှာ အဆင့်မြင့်နည်းပညာသုံးကုမ္ပဏီများဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားပေးသည့်အတွက်လည်းကောင်း၊ ရှင်းကျန့်အဆင့်မြင့်နည်းပညာစက်မှုဇုန်အကြောင်း ပြည့်ပြည့်စုံစုံသိရှိရသည့်အတွက်လည်းကောင်း မိတ်ဆွေများကို အထူးကျေးဇူးတင်ပါကြောင်း။

မြန်မာနိုင်ငံ၌လည်း စက်မှုဇုန်များထူထောင်လျက်ရှိရာ ရှင်းကျန့်မြို့မှ မိတ်ဆွေအတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရန် ဖိတ်ခေါ်ကြောင်းဖြင့် ပြောကြားသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ရှင်းကျန့်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ဇနီး၊ ရှင်းကျန့် ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့နှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂွမ်ကျိုးသိပ္ပံမြို့တော် Guangzhou Technological Innovation Base မှ ဒါရိုက်တာ အဖွဲ့ဝင် မစ္စတာဒန်ယူမင်က သိပ္ပံမြို့တော်၏ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ရှင်းကျန့်မြို့ရှိ ကုမ္ပဏီများက ထုတ်လုပ်ထားသည့် ကျန်းမာရေးအထောက်အကူပြု ခေတ်မီစက်ကိရိယာများ၊ ကမ္ဘာ့အဆင့်အတန်းမီ ဆေးဝါးများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ကွန်ပျူတာများစသည်တို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

လေ့လာကြည့်ရှု

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှင်းကျန့်မြို့၌ အမြင့်ဆုံးတာဝါဖြစ်သည့် ၃၈၄ မီတာမြင့်သော Meridian View Centre သို့ သွားရောက်ကြပြီး ၆၉ ထပ်မှ ရှင်းကျန့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို လေ့လာကြည့်ရှုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီးဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် ရှင်းကျန့်မြို့ Wuzhou Guest House သို့ ရောက်ရှိကြသည်။

ဂါရဝပြုတွေ့ဆုံ

ရှင်းကျန့်မြို့တော်ဝန် မစ္စတာရွှီဇုန်းဟန်သည် နိုင်ငံတော်ဝန်ကြီးချုပ်အား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် Wuzhou Guest House သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ရှင်းကျန့်မြို့တော်ဝန် မစ္စတာ ရွှီဇုန်းဟန်က ရှင်းကျန့်မြို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ ရှင်းကျန့်စီးပွားရေးဇုန်၌ ဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့်သိပ္ပံနည်းပညာလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ငွေကြေးဈေးကွက်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆောင်ရွက်အောင်မြင်မှုများ၊ အနာဂတ်ငါးနှစ်စီမံကိန်း လျာထားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက်ခိုင်မာအောင်ဆောင်ရွက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့်အခွင့်အလမ်းများ၊ ရှင်းကျန့်မှ စီးပွားရေးလုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရှင်းကျန့်မြို့တော်ဝန်တို့သည် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

နှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ရှင်းကျန့်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးမစ္စတာ ကွမ်မုနှင့်ဇနီး၊ ရှင်းကျန့်ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့၊ မြန်မာနိုင်ငံသံ အမတ်ကြီး ဦးသိန်းလွင်၊ ဇနီးနှင့်တာဝန်ရှိသူများအား နှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

လက်ခံတွေ့ဆုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအဆောင် အမှတ်(၁၄)ရှိ ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာချန်ရှန်နှင့်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် ဝန်ကြီးများနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ ဝန်ကြီး ဦးစိုးသာသည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာအဆောင် အမှတ်(၁၄) ဧည့်ခန်း၌ Sinosteel Corporation မှ ဒုတိယဥက္ကဋ္ဌ မစ္စတာရှီမင်းလီနှင့် တာဝန်ရှိသူများအားလည်း လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၁၁ ကော်လံ ၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ် (၁၄) ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Complete Plant Imp & Exp Corp (Group) ဥက္ကဋ္ဌ မစ္စတာလီဇီမင်းအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ပညာပြန့်ပွား ခရီးသွားဖြင့် စီးပွားလမ်းခင်းပေးပါစို့

**လရောင်ဝင်းပ၊ ကြယ်စင်ည၏
အေးမြလင်းကျင်း၊ ညဥ့်လေညင်းတွင်
ပျံ့သင်းကုမုဒြာ၊ ပွင့်ဝေဆာသို့
ပညာရနံ့၊ ထုံပျံ့ကြိုင်သင်း
အလှပန်းခင်းကို
ဖန်ဆင်းတည်ဆောက်ကြပါစို့။
"ပညာပြန့်ပွား ခရီးသွား"ဖြင့်
စီးပွားလမ်းခင်းပေးပါစို့။**

ဟူသည့် ဆွေယင်းမာ (ရန်ကုန်တက္ကသိုလ်)၏ **"ပန်းပျိုးသူများသို့"** ကဗျာကို ရန်ကုန်တက္ကသိုလ် Course On The Travel Industry မှ ဖြန့်ဝေသော သင်တန်းဆင်း အမှတ်တရစာစောင်တွင် ဖတ်မိလိုက်ကြသူများ ရှိပါလိမ့်မည်။

Tourism(ခရီးသွားလုပ်ငန်း)ဟူသော စကားလုံးကို ၁၉၉၅-၉၆ ခုနှစ်ခန့်မှစ၍ ဆယ်စုနှစ်တစ်ခုအတွင်း အသုံးများ အပြောများလာကြသည်ကို သတိပြုမိပါသည်။ Tourismကို စိတ်ဝင်စားကြသူများ အလွန်များလာကြပါသည်။ ပညာရှင်များ၊ ပညာတတ်လူလတ်တန်းစားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အလုပ်သစ်အကိုင်သစ် လမ်းကြောင်းသစ် ဘဝသစ်ကို ရှာဖွေဖန်တီးလိုသူများ အစရှိသူတို့သည် Tourism ကို ကိုယ့်ရှုထောင့်မှ ကိုယ်စိတ်ဝင်စားလာကြပါသည်။ ဖတ်မိကြားမိ လေ့လာမိသမျှနှင့် အဓိပ္ပာယ်အမျိုးမျိုးဖွင့်ကြပါသည်။ အမျိုးမျိုးဝေဖန်ကြပါသည်။ အမျိုးမျိုး လေ့လာသုံးသပ်ကြပါသည်။ ထင်မြင်ချက် အမျိုးမျိုးရှိကြပါသည်။ အကြံပြုချက် အမျိုးမျိုးပေးကြပါသည်။

အသေချာဆုံးသောအချက်မှာ Tourismကို စိတ်ဝင်စားနေကြခြင်းဖြစ်ပြီး စိတ်ဝင်စားကြခြင်း၏ အခြေခံအကျဆုံးသော အချက်မှာ **"Tourism ကြောင့် စီးပွားဖြစ်နိုင်သည်"**ဟု ယူဆယုံကြည်နေကြသောကြောင့်ဖြစ်သည်။ မှန်ပါသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးကို အချိန်တိုအတွင်း ကြီးပွားတိုးတက်သွားစေနိုင်သည်။ သို့ကြောင့် ခရီးသွားလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် ရှုမြင်ကြပါသည်။

တကယ်တော့ ထိုမျှသာမကပါ။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သောနိုင်ငံမှ ပြည်သူများသည် စီးပွားရေးနှင့်အတူ လူမှုဆက်ဆံရေး အဆင့်အတန်း၊ လူနေမှုအဆင့်အတန်း၊ ပညာတတ်မြောက်မှု အဆင့်အတန်း စသည်များ မြင့်တက်လာကြပါသည်။

ခရီးသွားလုပ်ငန်းသည် မြင့်မြင့်မှန်းပြီး များများဖြစ်ချင်သော လူ့သဘာဝကို ဖြည့်ဆည်းပေးစွမ်းနိုင်သော လုပ်ငန်းကြီး ဖြစ်နေပါသည်။

သို့သော် **ခရီးသွားလုပ်ငန်းသည် အခြားသော စီးပွားရေးလုပ်ငန်းများကဲ့သို့ အရင်းအနှီးရှိရုံ၊ သာမန်မျှ နားလည်သဘောပေါက်ရုံ၊ ဈေးဖန်းချရုံ၊ ဆိုင်ဖွင့်ရုံ၊ စက်ရုံတည်ရုံ၊ ကုန်လှောင်ရုံဆောက်ရုံ၊ ရောင်းသူနှင့် ဝယ်သူနှစ်ဦး ချိတ်ဆက်ရုံဖြင့် စီးပွားရှာ၍ရသော လုပ်ငန်းမျိုးမဟုတ်ပါချေ။**

တစ်ဖက်တွင် နိုင်ငံအသီးသီးတို့မှ ဧည့်သည်များကို ကျေနပ်နှစ်သိမ့်အောင် ဝန်ဆောင်မှုပေးရခြင်းဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း ခရီးသွားလုပ်ငန်း အရင်းအနှီးများဖြစ်သည့် နိုင်ငံ၏ ရေမြေသဘာဝ ဝန်းကျင်၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် လူမှုဘဝ ဓလေ့ထုံးစံများကို မပျက်စီးအောင် ထိန်းသိမ်းရသော စီးပွားရေးလုပ်ငန်းမျိုး ဖြစ်သည်။ ယင်းတို့ ပျက်စီးသည်နှင့် နိုင်ငံလည်း ဂုဏ်သိက္ခာကျ၊ ခရီးသည်လည်းမလာ၊ ခရီးသွား စီးပွားရေးလုပ်ငန်းလည်း ပျက်သုဉ်းသွားမည်ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင် တက္ကသိုလ်ဆရာ၊ ဆရာမများအတွက် ဖွင့်လှစ်သော ခရီးသွားလုပ်ငန်း ဒီပလိုမာသင်တန်းသို့ တက်ရောက်ရသောအခါ ဤအခြေခံ သဘောတရားများနှင့်အတူ ခရီးသွားလုပ်ငန်း၏ အခြားစီးပွားရေးများနှင့် မတူညီသော သဘောသဘာဝ၊ လူများကို ဝန်ဆောင်မှုပေးရခြင်း ဖြစ်သော ခရီးသွားလုပ်ငန်း၏ သိမ်မွေ့ထွေပြားမှု၊ ထိလွယ်ရှလွယ်မှု၊ အထိအရှ အနာတရများကို ရှောင်ရှားကုစားနိုင်စွမ်းရှိရမှု၊ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမှုများ စသည်တို့ကို သိရှိလာရပါသည်။

ခရီးသွားလုပ်ငန်းသည် စီးပွားရေးလုပ်ငန်းသက်သက် မဟုတ်ကြောင်း၊ ပညာရပ် တစ်ခုဖြစ်ကြောင်း၊ လူမှုရေး၊ ပညာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစသော အခြားသော နယ်ပယ်များစွာနှင့်ဆက်စပ်နေကြောင်း

မဆွေ (ရန်ကုန်တက္ကသိုလ်)

ခရီးသွားလုပ်ငန်းပညာရပ်မှရရှိသော အသိအမြင်များ (Knowledge of Tourism) ကို ပြည်သူပြည်သားများ နားလည်သဘောပေါက်အောင် ဖြန့်ချိ ရမည်ဖြစ်ကြောင်း သိမြင်လာမိပါသည်။

နိုင်ငံတစ်နိုင်ငံသည် ခရီးသွားလုပ်ငန်းဖြင့် စီးပွားရှာမည်ဆိုပါက **ရေရှည် စဉ်ဆက်မပြတ် အကျိုးစီးပွားဖြစ်ထွန်းသော ခရီးသွားလုပ်ငန်း (Sustainable Tourism)လည်း ဖြစ်စေ၊ မိမိနိုင်ငံ၏ ရေမြေသဘာဝ (Nature)၊ယဉ်ကျေးမှုအမွေအနှစ် (Cultural Heritage)၊ လူနေမှုဘဝနှင့် ဓလေ့ထုံးစံ (Life style & Customs)များလည်း မပျက်ပြားစေသော စီးပွားရေးမျိုး** ဖြစ်ရပါမည်။ ဤအချက်သည် Tourism Industry ၏ အရေးအကြီးဆုံးသော တစ်ခုတည်းသော အဓိက အချက်ကြီး ဖြစ်ပါသည်။

အဘယ်ကြောင့် ဤသို့ ဆိုရပါသနည်း။

ရေမြေသဘာဝဝန်းကျင် စိမ်းလန်းစိုပြည်သော၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကြွယ်ဝသော၊ ပင်လယ်ကမ်းခြေများ ပြန့်ပြူးသော၊ တိုင်းရင်းသား လူမျိုးစုများရှိသော ခရီးစဉ်ဒေသများကို ခရီးသွားဧည့်သည်များစိတ်ဝင်စားကြပါသည်။ ယင်းနိုင်ငံ ဒေသများသို့ ခရီးသည် အများအပြား လာရောက်သည်ဆိုပါစို့။ ခရီးသည်များစွာ၏ စွန့်ပစ်ပစ္စည်းများ၊ စည်းကမ်းမရှိမှုများ စသည်များကြောင့် သဘာဝ ပတ်ဝန်းကျင်များ ညစ်ညမ်း ပျက်စီးနိုင်သည်။ ရှေးဟောင်းအမွေအနှစ်များကို ကိုင်တွယ်ခြင်း၊ အမှတ်တရအဖြစ် သယ်ဆောင်ခြင်း၊ စီးပွားဖြစ်ခိုးယူခြင်းများကြောင့် ယဉ်ကျေးမှု အမွေအနှစ်များ ပျက်စီးဆုံးရှုံးနိုင်သည်။ ဒေသခံတိုင်းရင်းသားလူမျိုးများသည် ဝတ်စားသုံးစွဲနိုင်သော ခရီးသည်များကို အထင်ကြီးအားကျကြသောကြောင့် မိမိတို့၏ ရိုးရာဝတ်စားဆင်ယင်မှုများကို စွန့်ပယ်ပြီး ခရီးသည်များကဲ့သို့ ဝတ်စားဆင်ယင်လာတတ်ကြသည်။ ယင်းသို့ဖြင့် **သဘာဝ ဝန်းကျင် ယဉ်ကျေးမှု အမွေအနှစ်နှင့် လူနေမှုဓလေ့ထုံးစံများ ပျက်ပြားလာသောအခါ ယင်းဒေသမျိုးသို့ မည်သည့်ခရီးသည်မျှ လာရောက် တော့မည်မဟုတ်ပါချေ။**

သဘာဝပတ်ဝန်းကျင်ကို မပျက်မစီးအောင် ထိန်းသိမ်းရန် အလွန်အရေးကြီးနေပြီဖြစ်သော ယနေ့ကမ္ဘာ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် အလွန်အရေးကြီးနေပြီဖြစ်သော ယနေ့ကမ္ဘာတွင် ကမ္ဘာ့ပြည်သူများအတွက် ခရီးသွားလုပ်ငန်းသည် သုံးတတ်လျှင် ကမ္ဘာတည်သည်နှင့် အမျှ စားမကုန်နိုင်သော ပဒေသာပင်ကြီးဖြစ်ပါသည်။ မသုံးတတ်လျှင်မူ ရေတိုစီးပွားရေးမျှသာဖြစ်ပြီး ရေရှည်တွင် သဘာဝပတ်ဝန်းကျင်ပျက်ပြားမှု၊ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု၊ လူမှုဘဝပုံစံပျက်ပြားမှု၊ ရောဂါဘယထူပြောမှု၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာ ထိခိုက်ညှိုးနွမ်းမှု အစရှိသော အန္တရာယ်အမွေများကို ခံစားရရှိစေမည့် လုပ်ငန်းကြီးဖြစ်ပါသည်။

ထို့အတူ မိမိဒေသ ပျက်စီးမည်စိုးသောကြောင့်ဆိုပြီး ခရီးသွားလုပ်ငန်းကို မလုပ်မကိုင်ဘဲနေမည်ဆိုပါလျှင်လည်း စီးပွားရေး၊ လူမှုရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှု၊ ခေတ်နှင့်အညီခေတ်မီမှု၊ နိုင်ငံတကာအဆင့်သို့ ရောက်ရှိမှုဟူသော အကျိုးရလဒ်ကို မခံစားရဘဲ ရှိပါခြိမ့်မည်။

"အိမ်သာမှ ဧည့်လာသည်" "ဧည့်လာမှ အိမ်သာသည်"ဟူသော မြန်မာ့ဆိုရိုးစကားများရှိပါသည်။

ဧည့်သည်မလာခြင်းကြောင့် မိမိနိုင်ငံ၏ စိုပြည်စိမ်းလန်း ငြိမ်းချမ်းသောဂုဏ်ရည် မိမိလူမျိုး၏ ယဉ်ကျေးဖော်ရွေသော လူမှုဆက်ဆံရေးဂုဏ်ရည်၊ ရှေးကျသော ယဉ်ကျေးမှုအမွေအနှစ်များစွာ၏ စိတ်ဝင်စားဖွယ် ဂုဏ်ရည်သည် လူမသိသူမသိ ဖြစ်နေပါလိမ့်မည်။ မိမိနိုင်ငံ၊ မိမိရေ၊ မြေဒေသ၏ ပုံရိပ်သည် မှေးမှိန်မှုန်ဝါးနေပါလိမ့်မည်။

တစ်ဖက်မှလည်း ဧည့်သည်များများလာမှသာ ကိုယ့်နိုင်ငံကို လူသိမည်၊ ကိုယ့်ဂုဏ်ရည်ကို ပီပြင်မှန်ကန်စွာပြနိုင်မည်။ လူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများစွာ ရရှိလာလိမ့်မည်။ ခရီးသွားလုပ်ငန်းသည် လစာဝင်ငွေကောင်းသော လုပ်ငန်းဖြစ်သောကြောင့် မိသားစုများ စီးပွားရေး၊ ပညာရေး၊ လူမှုရေး အဘက်ဘက်တွင် အဆင့်အတန်း မြင့်မားလာလိမ့်မည်ဖြစ်သည်။

သို့ကြောင့် **ရေရှည်အကျိုးစီးပွားဖြစ်ထွန်းသော ခရီးသွားစီးပွားရေးလုပ်ငန်း** ဖြစ်ထွန်းနိုင်ရန်အတွက် ခရီးသွားလုပ်ငန်းဆိုင်ရာ မှန်ကန်သော အသိ၊ အတွေး၊ ခံယူချက်များကို ပြည်သူအများ ဒေသဆိုင်ရာ အဖွဲ့အစည်းများ သိရှိဆောင်ရွက်သင့်ကြသည် ဖြစ်ပါသည်။

အထူးသဖြင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များမှအစ နိုင်ငံခြားသား ခရီးသွားဧည့်သည်များ သွားရောက်ကြသည့် ခရီးစဉ်ဒေသများမှ ဒေသခံများ၊ ယင်းဒေသများမှ အဆင့်ဆင့်သော အာဏာပိုင်အဖွဲ့အစည်းများ၊ ခရီးသွားလုပ်ငန်းနှင့် နီးနွယ်နေသော ဟိုတယ်၊ မိုတယ်၊ အင်းများအလယ်၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းဆိုင်များ၊ အမှတ်တရ ပစ္စည်းထုတ်လုပ်သူများ၊ အသားငါးဟင်းသီးဟင်းရွက် အသီးအနှံ မွေးမြူစိုက်ပျိုး ပေးသွင်းသူများ၊ ခရီးသွားဧည့်သည်တင် ယာဉ်မောင်းများနှင့် ဧည့်သည်တင် ယာဉ်ပိုင်ရှင်များအဆုံး၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားဆက်စပ် ရှာဖွေကြသူများ အားလုံးသည် ခရီးသွားလုပ်ငန်း ဗဟုသုတကြွယ်ဝကြဖို့ ပိုမိုလိုအပ်ပါသည်။ ခရီးသွားလုပ်ငန်း အတွေးအမြင် ကြည်လင်မှန်ကန်ရန် အထူး လိုအပ်ပါသည်။ ခရီးသွားလုပ်ငန်းပညာကို လေ့လာဆည်းပူးခြင်းဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဗဟုသုတများ ပြည့်ဝအောင် စုဆောင်းကြရမည်ဖြစ်သည်။

Tourism Diploma သင်တန်းသည် ခရီးသွားလုပ်ငန်းပညာပြန့်ပွားရေးအတွက် ကြိုးစားအားထုတ်ရမည့် သင်တန်းဖြစ်ပါသည်။ Tourism Diploma ရရှိပြီးသူများနှင့် သင်တန်းသားများသည် ပို့ချခြင်း၊ ဆွေးနွေးခြင်း၊ လက်တွေ့လေ့လာခြင်း၊ စာတမ်းပြုစုခြင်း၊ စာမေးပွဲဖြေဆိုခြင်း များသာမက ဆောင်းပါးများရေးခြင်း၊ အသံလွှင့်ဟောပြောခြင်း၊ တွေ့ဆုံ မေးမြန်းမှုများပြုလုပ်ခြင်း၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်ခြင်း စသောနည်းလမ်း အသွယ်သွယ်ဖြင့် ပြည်သူများအကြားသို့ ခရီးသွားလုပ်ငန်း အသိအမြင်များ ပျံ့နှံ့ရောက်ရှိရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

**"တက္ကသိုလ် ပညာရှာမှ
ပညာပြန့်ပွား ခရီးသွားဖြင့်၊
စီးပွားလမ်းခင်းပေးပါစို့---"။ ။**

ခရီးသွားလုပ်ငန်းသည် အခြားသော စီးပွားရေးလုပ်ငန်းများကဲ့သို့ အရင်းအနှီးရှိရုံ၊ သာမန်မျှ နားလည်သဘောပေါက်ရုံ၊ ဈေးဖန်းချရုံ၊ ဆိုင်ဖွင့်ရုံ၊ စက်ရုံတည်ရုံ၊ ကုန်လှောင်ရုံ ဆောက်ရုံ၊ ရောင်းသူနှင့် ဝယ်သူနှစ်ဦး ချိတ်ဆက်ရုံဖြင့် စီးပွားရှာ၍ရသော လုပ်ငန်းမျိုးမဟုတ်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မလိခလမ်း အမှတ် ၄၄-စီနေ ဒေါ်တင်တင်သန်း (ပြင်ဦးလွင်)၊ မြေး-မမေသဲအေး မိသားစုက အလှူငွေကျပ် ၁၂သိန်းကို ဒဂုံမြို့နယ် အမှတ်၁၂ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး ဆောက်လုပ်ရန်နှင့်စတီးရေတိုင်ကီအတွက် တိ=နိ(ပင်မ) ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန် စက်မှုတက္ကသိုလ် (၁၉၆၉-၁၉၇၅) မြို့ပြအင်ဂျင်နီယာ ကျောင်းသားကျောင်းသူများ၏ မြတ်ဆရာ ပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ရန်ကုန်တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ဆရာကြီးများအား ကျောင်းသား ကျောင်း သူ ဟောင်း များ က ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။ (က-ပ)

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွဲ့ မြန်မာသံရုံးဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်များအားတွေ့ဆုံ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ၁၅ရက် ညနေ ၆နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

ထို့နောက် ဝန်ကြီးချုပ်သည် သံရုံးဝန်ထမ်းများ၊ မိသားစုများ ကိုယ်စား သံအမတ်ကြီး ဦးသိန်းလွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးမှ ဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

သို့လည်းကောင်း၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများကိုယ်စား စစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော့သို့လည်းကောင်း၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် ဝန်ကြီးဌာနအသီးသီးမှ ပညာတော်သင်များကိုယ်စား ကိုယ်စားလှယ် နှစ်ဦးသို့လည်းကောင်း လက်ဆောင်ပစ္စည်းများပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များအား တွေ့ဆုံမှာကြားရာတွင် သမိုင်းအစဉ်အဆက် ရင်းနှီးချစ်ကြည်ခဲ့သည့် မြန်မာ–တရုတ် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မြဲစေရန်နှင့် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ရန် မိမိခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်း ဖြစ်ကြောင်း၊ လမ်းကြောင်းမှန်ပေါ်ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များသည် အတုယူဖွယ်ရာများပင် ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်များ

မြန်မာနိုင်ငံ၌လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် မိမိတို့တည်ဆောက်နေကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စီမံလမ်းညွှန်မှုကောင်းခြင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှု ရှိလာခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ပြယုဂ်များကို ယနေ့ကာလတွင် မြင်တွေ့နေကြရပြီဖြစ်ကြောင်း၊ ပြည်သူများကလည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

ဆက်လက်တည်ဆောက်

ခေတ်မီနိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ပညာရည်မြင့်မားသည့် လူမျိုးဖြစ်မှ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပညာတော်သင် ရောက်ရှိနေကြသူများအနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင် တတ်မြောက်အောင် လေ့လာဆည်းပူးသွားကြရမည်ဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်များအနေဖြင့် နိုင်ငံတော်သစ်ကို ဆက်လက် တည်ဆောက်သွားကြရမှာ ဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဂုဏ်ပြုညစာတည်ခင်းဧည့်ခံ

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့်ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာ သုံးဆောင်အပြီးတွင် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

တွေ့ဆုံမှာကြား

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၉ မှ

ထို့အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ်(၁၂)ဧည့်ခန်းမ၌ ဖေဖော်ဝါရီ၁၅ ရက် နံနက် ၉ နာရီတွင် China National Offshore Oil Corporation ဥက္ကဋ္ဌ Mr.Fu Chengyu အားလည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် China National Petroleum Corp President Mr. Chen Geng အားလည်းကောင်း လက်ခံတွေ့ဆုံသည်။

အသေးစိတ်ညှိနှိုင်းဆွေးနွေး

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နှစ်နိုင်ငံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။



စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ်(၁၂)ဧည့်ခန်းမ၌ China National Offshore Oil Corporation ဥက္ကဋ္ဌ Mr. Fu Chengyu အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အလားတူ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Telecommunications Corporation မှ ဒါရိုက်တာ Mr. Liang Niu အား ဖေဖော်ဝါရီ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ်(၁၄)ဧည့်ခန်း၌ လက်ခံတွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးနှင့်အတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင် တက်ရောက်သည်။

ထို့အတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဖေဖော်ဝါရီ၁၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ်(၁၄)ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လူဒွန်ဖူအား လက်ခံတွေ့ဆုံသည်။

နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြန်မာနိုင်ငံ၌ ရထားပို့ဆောင်ရေးလုပ်ငန်းများကို အဆင့်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့မီးရထားနှင့် တရုတ်မီးရထားဌာနတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လိုကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လူစီးတွဲ ၁၃၀ ကို ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး မစ္စတာလူဒွန်ဖူကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရထားပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ယူနန်ပြည်နယ်ကူမင်းမြို့မှ တာ့လီမြို့အထိ ရထားလမ်းဖောက်လုပ်ပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံနယ်စပ် ရွှေလီမြို့ထိ ရထားလမ်းဖောက်လုပ်ရန် အစီအစဉ်ရှိကြောင်း၊ ရွှေလီမြို့မှ မူဆယ်မြို့၊ လားရှိုးမြို့များအထိ ရထားလမ်းဖောက်နိုင်ခြေရှိမရှိ အသေးစိတ်တိုင်းတာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီတွင် ထျောက်ယူထိုင်နိုင်ငံတော်ဧည့်ဂေဟာအဆောင်အမှတ်(၁၄)ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Complete Plant Imp & Exp Corp (Group) ဥက္ကဋ္ဌ မစ္စတာ လီဇီမင်းအားလည်း လက်ခံတွေ့ဆုံသည်။

အသေးစိတ်ဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့မီးရထားနှင့် အဆိုပါကုမ္ပဏီတို့ B.O.T စနစ်ဖြင့် တည်ဆောက်ထားသည့် မြစ်ငယ်ကွန်ကရစ်ဇလီဖားစက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အသေးစိတ်ဆွေးနွေးကြသည်။

အဆိုပါ ကွန်ကရစ်ဇလီဖားစက်ရုံမှ တစ်နှစ်လျှင် ကွန်ကရစ် ဇလီဖားတုံး သုံးသိန်းထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တော်ဝင်ကြက်ဆူမျိုးစေ့ပျိုးပင်များ စံပြမျိုးသန့်မျိုးပွားစိုက်ခင်းများ၌ စနစ်တကျပျိုးထောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုက်ရိုက်အထောက်အကူပြုသော တော်ဝင်ကြက်ဆူဆီကိုအသုံးပြု ကျေးရွာမီးလင်းရေး မီးစက်မီးကြိုးများနှင့်ကြက်ဆူစေ့ကြိတ်ခွဲစက်များထောက်ပံ့ပေးမည်

စိုက်ပျိုးရေးလုပ်ငန်းအောင်မြင်ဖြစ်ထွန်းရေး အမျိုးသားရေးတာဝန်အဖြစ် ပူးပေါင်းပါဝင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့နှင့်အတူ ဖေဖော်ဝါရီ၁၉ရက် မွန်းလွဲ၁နာရီခွဲတွင် လားရှိုးမြို့ နားဖကျေးရွာအနီးရှိ တိုင်းစစ်ဌာနချုပ်၏ အမှတ်(၃)ကုန်းမြင့်ယာမြေ တော်ဝင်ကြက်ဆူပင် (Royal Jatropha Curcas) မျိုးသန့်မျိုးပွား စံပြဧက ၁၀၀၀ စိုက်ခင်းအတွင်း၌ ကျင်းပသော အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တော်ဝင်ကြက်ဆူပင် စုပေါင်းစိုက်ပျိုး ပွဲတော်အခမ်းအနားသို့ တက်ရောက်၍ တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးကိုင်းပျိုးပင်များကို ကိုယ်တိုင်ပါဝင်စိုက်ပျိုးပေးကြသည်။

တက်ရောက်

အဆိုပါ တော်ဝင်ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော် အခမ်းအနားသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လားရှိုးတပ်နယ်အတွင်းရှိ တပ်ရင်း၊တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ အိမ်ထောင်စုဝင်များနှင့် ဒေသခံ တောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တော်ဝင် ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက၁၀၀၀ စိုက်ခင်းအတွင်းရှိ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေးတာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က တော်ဝင်ကြက်ဆူပင် ဧကငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းစစ်ဌာန ချုပ်၏ အမှတ်(၃) ကုန်းမြင့်ယာမြေအတွင်း တော်ဝင်ကြက်ဆူပင် ဧက၁၀၀၀ စိုက်ပျိုးရေးလုပ်ငန်း၏ တစ်ဆက်တစ်စပ်တည်းတွင် ပထမအဆင့် ဧက ၁၁၀ စိုက်ပျိုးပြီးစီးနေမှုနှင့် ထွက်ရှိလာသော တော်ဝင်ကြက်ဆူ မျိုးသန့်မျိုးပွား ပျိုးပင်များကို ဒေသခံတောင်သူများသို့ ကျယ်ပြန့်စွာဖြန့်ဖြူးပေးသွားမည့် အစီအမံများ၊ စိုက်ဧကများ ထပ်မံတိုးချဲ့ဆောင်ရွက်မှုနှင့် စိုက်ပျိုးရာသီအချိန်မီ မြေချ စိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေး တာဝန်ခံ ဦးကျော်ကျော်က တော်ဝင်ကြက်ဆူပင် ဧက ၁၀၀၀ စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

အခမဲ့ထောက်ပံ့

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က နိုင်ငံတော်အကြီးအကဲ၏ မူဝါဒလမ်းညွှန် တာဝန်ပေးချက်ဖြစ်သည့် စွမ်းအင်အစားထိုး ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ရေးအတွက် ပြည်နယ်ချုပ် ဧကငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် ၂၀၀၆ခုနှစ် ပထမနှစ်တွင် တော်ဝင်ကြက်ဆူပင် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ဧကတစ်သောင်း သုံးထောင် စနစ်တကျ စိုက်ပျိုးပြီးစီးမှု၊ တော်ဝင်ကြက်ဆူ မျိုးကိုင်းပျိုးပင်များ၊ တော်ဝင်ကြက်ဆူ မျိုးစေ့ပျိုးပင်များကို စံပြမျိုးသန့်မျိုးပွားစိုက်ခင်းများတွင် စနစ်တကျ ပျိုးထောင်ထားရှိမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအား တိုက်ရိုက်အထောက်အကူပြုသော တော်ဝင်ကြက်ဆူဆီကို အသုံးပြု၍ ကျေးရွာမီးလင်းရေးအတွက် မီးစက်နှင့်မီးကြိုးများ၊ ထွက်ရှိလာသော တော်ဝင်ကြက်ဆူ စေ့များကိုကြိတ်ခွဲရန်အတွက် တော်ဝင်ကြက်ဆူဆီသုံး ကြိတ်ခွဲစက်များ၊ အခမဲ့ဖြည့်ဆည်း ထောက်ပံ့ပေးသွားမည့် အစီအစဉ်များကို ပြောကြားသည်။

ဆက်လက်၍ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော် အကြီးအကဲ၏ မူဝါဒလမ်းညွှန်တာဝန်ပေးချက်ဖြစ်သည့် စွမ်းအင်အစားထိုးဇီဝလောင်စာဆီထုတ်လုပ်ငန်းအတွက်တော်ဝင်ကြက်ဆူပင်စိုက်ပျိုးရေးလုပ်ငန်းအောင်မြင် ဖြစ်ထွန်းရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ဌာနဆိုင်ရာ တာဝန်ရှိသူများ အဆင့်ဆင့်နှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင် ဆောင်ရွက်လာရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများအား တော်ဝင်ကြက်ဆူမျိုးကိုင်းပျိုးပင်များကို စိုက်ပျိုးရန်ဝေငှပေးကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တော်ဝင်ကြက်ဆူပင် စုပေါင်းပျိုးပွဲတော်တွင် တော်ဝင်ကြက်ဆူ မျိုးကိုင်း ပျိုးပင်များကို ကိုယ်တိုင် စိုက်ပျိုးပေးကြပြီး စိုက်ခင်းအတွင်း၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်သည်များ၊ အိမ်ထောင်စုဝင်များနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များက တော်ဝင်ကြက်ဆူပင် နှစ်သောင်းလေးထောင်အား တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို တိုင်းမှူးနှင့် ဝန်ကြီးတို့က လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀၀ မျိုးသန့်မျိုးပွားစိုက်ခင်းအတွင်းရှိ တော်ဝင်ကြက်ဆူပျိုးဥယျာဉ်၏ ပျိုးပေါင်များပေါ်၌ တော်ဝင်ကြက်ဆူ မျိုးကိုင်းပျိုပင်များကို ကိုယ်တိုင် ပါဝင်ပျိုးထောင်စိုက်ပျိုးပေးကြပြီး တော်ဝင်ကြက်ဆူပင်စိုက်ပျိုးရေးနည်းပညာပေးခင်းကျင်းပြသထားသော တော်ဝင်ကြက်ဆူဆီဖြင့် ကျေးလက် မီးလင်းရေး မီးစက်၊ တော်ဝင်ကြက်ဆူဆီမီးဖို၊ တော်ဝင်ကြက်ဆူဆီ မီးအိမ်၊ မီးခွက်များ၊ တော်ဝင် ကြက်ဆူဆီသုံး လယ်ယာ (၁၆) လက်တွန်း ထွန်စက်များ၏ သရုပ်ပြ မောင်းနှင်ပြသမှု **(အောက်ပုံ)** နှင့် တော်ဝင်ကြက်ဆူမျိုးကိုင်းပင်များ စုဆောင်းထားရှိမှု အခြေအနေများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တော်ဝင်ကြက်ဆူပင်မျိုးသန့်မျိုးပွားစံပြဧက ၁၀၀၀ စိုက်ခင်းအတွင်း၌ တော်ဝင်ကြက်ဆူ မျိုးကိုင်းပင်များကို ပင်ကြားတန်းကြား ၆ပေx၆ပေ စိုက်နည်းစနစ်ဖြင့် စိုက်ဧက ၁၁၀အတွင်း တော်ဝင်ကြက်ဆူ ကိုင်းပျိုးပင် တစ်သိန်း သုံးသောင်းနှစ်ထောင် စိုက်ပျိုးပြီးစီးနေမှု၊ တော်ဝင်ကြက်ဆူကိုင်း ပျိုးပင်များမှ အရွက်သစ်များ စတင်ထွက်ရှိ ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ နားဖကျေးရွာအနီး ပြည်နယ် ရဲတပ်ဖွဲ့က ကြီးကြပ်စိုက်ပျိုးလျက်ရှိသော တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြ ၁၀ ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ခရိုင် ရဲတပ်ဖွဲ့ဝင်များ၏ တော်ဝင်ကြက်ဆူပင်စိုက်ဧက ၁၀၀၀ စိုက်ပျိုးရန်လျာထားမှု၊ စိုက်ပျိုးပြီးစီးမှု၊ တော်ဝင် ကြက်ဆူမျိုးကိုင်း ပျိုးပင်များ၊ တော်ဝင်ကြက်ဆူ မျိုးစေ့ ပျိုးပင်များဖြင့် ပျိုးထောင်ဆောင်ရွက်နေမှုနှင့် ဆက်လက်စိုက်ပျိုး ဆောင်ရွက်မည့် အစီအမံများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တော်ဝင်ကြက်ဆူပင် ပျိုးထောင်ထားရှိမှုနှင့် ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ပျိုးအိတ်များအတွင်း တော်ဝင်ကြက်ဆူကိုင်းပျိုးပင်များကို ကိုယ်တိုင်ပါဝင်ပျိုးထောင်ပေးကြ၍ တပ်ဖွဲ့ဝင် ရဲမေများ၏ တော်ဝင်ကြက်ဆူပျိုးပင်များ၊ တပျော်တပါး စုပေါင်း ပျိုးထောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အထွက် တိုင်းစစ်ဌာနချုပ်၏ အမှတ်(၁) ကုန်းမြင့်ယာမြေ ဧက၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်း၌ နှစ်ရှည်ပင်ဆင်းရွှေလီ ပျားလိမ္မော်၊ အရိပ်မဲ့ ကော်ဖီပင်၊ သစ်ဆိမ့်ပင်၊ အုန်းဆံဆိမ့်ပင်များ၊ နှစ်တိုနာနတ်ပင် တစ်သိန်း နှစ်သောင်း ငါးထောင် စိုက်ပျိုးပြီးစီးမှု၊ ဆင်းရွှေလီအထူးအထွက်တိုး ဆီထွက်နေကြာ၊ အစေ့ထုတ်ပြောင်း၊ဆင်းရွှေလီအထူးအထွက်ကောင်း ကြံ၊ ဆင်းရွှေလီ(ဆန်မွှေး) တစ်ဧက ပျမ်းမျှတင်း ၂၀၀ အထက် ထွက်ရှိရေး၊ မိုးစပါး၊ နွေစပါးစိုက်ခင်းများ၊ တော်ဝင်ကြက်ဆူပင် တစ်သိန်း တစ်သောင်း ရှစ်ထောင့် ရှစ်ရာကို သီးညှပ်အဖြစ် စိုက်ပျိုးပြီးစီးမှုနှင့် ပျိုးထောင်ထားရှိမှု၊ ငါးမွေးမြူရေးကန် (၁၄)ကန်တွင် ငါးကောင်ရေ သုံးသိန်း ငါးသောင်း မွေးမြူထားရှိမှု အခြေအနေများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ စိုက်နည်းစနစ်များကို ဒေသခံတောင်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေး ပညာပေးဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

အထွက်နှုန်းတိုးတက်ရေး

ယင်းနောက် တိုင်းမှူးက ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၊ နွေစပါးတိုးချဲ့စိုက်ပျိုးရေးတွင် ဆင်းရွှေလီ အထူးအထွက်တိုး စပ်မျိုးစပါး မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ တစ်ဧကပျမ်းမျှတင်း ၂၀၀အထက် ထွက်ရှိရေး၊ အထွက်နှုန်း တိုးတက်ရေးအတွက် လိုက်နာ ဆောင်ရွက်ရန် စိုက်ပျိုးရေးဆိုင်ရာ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးမြင့်လှိုင်က သီးနှံများအလိုက် တစ်ဧကပန်းတိုင်အထွက်နှုန်း ကျော်လွန်၍ တိုးတက်ရရှိရေးအတွက် ပြည်နယ်အတွင်း စိုက်ပျိုးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက်တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး ပညာပေး ပြသထားသော ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး (F-1)မျိုးစေ့များ၊ ပန်းနှမ်း၊ ပဲ၊ ပဲပုပ်၊ နေကြာ၊ ဆီထွက်နေကြာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ၏ မျိုးစေ့အရည်အသွေးများနှင့် ဆီထွက်နေကြာဆီများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဖြစ်ထွန်းအောင်မြင်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက၁၀၀၀ မျိုးစေ့ထုတ် ဇုန်အတွင်း တစ်ဧက တန်၅၀ ထွက်ဆင်းရွှေလီအထူးအထွက်ကောင်းကြံ စံပြဧက၃၀စိုက်ခင်းသို့ ရောက်ရှိကြပြီး ဆင်းရွှေလီ အထူးအထွက်ကောင်းကြံပင်များကို သိပ္ပံနည်းကျစွာ အဖျားပိုင်း၊ အလယ်ပိုင်း၊ အရင်းပိုင်း ခွဲခြား၍ စနစ်တကျစိုက်ပျိုးထားရှိမှု၊ နှစ်ရှည် အုန်းဆံဆိမ့်ပင်နှင့် တော်ဝင်ကြက်ဆူပင်များကို သီးညှပ်အဖြစ်စိုက်ပျိုး ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်း နှစ်တိုနာနတ် တစ်သိန်းနှစ်သောင်းငါးထောင် ပင်များအကြားတော်ဝင်ကြက်ဆူပင်တစ်သိန်းတစ်သောင်းရှစ်ထောင့်ရှစ်ရာ စံပြသီးညှပ်စိုက်ခင်းသို့ ရောက်ရှိကြပြီး နှစ်တိုနာနတ်ပင်များ၏ အသီးများ ဖြစ်ထွန်းအောင်မြင်နေမှု၊ တော်ဝင်ကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ယင်းနောက်တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်း လေးနှစ်သား သက်တမ်းရှိ အုန်းဆံဆိမ့်ပင်၏ အသီးအပွင့်များဖြင့် ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တော်ဝင် ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြပျိုးဥယျာဉ် အတွင်းရှိ ပျိုးပေါင်များပေါ်၌ တော်ဝင်ကြက်ဆူ မျိုးကိုင်းပင်တစ်သောင်းလေးထောင့်ခြောက်ရာစနစ်တကျပျိုးထောင်ထားရှိမှုနှင့်ဖြစ်ထွန်းအောင်မြင်မှု တို့ကို ကြည့်ရှုစစ်ဆေး အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်နယ်ရဲတပ်ဖွဲ့က ကြီးကြပ်စိုက်ပျိုးလျက်ရှိသော တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးပွား စိုက်ခင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့ ပျိုးအိတ်များအတွင်း တော်ဝင်ကြက်ဆူမျိုးစေ့များကို ပါဝင်ပျိုးထောင်စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

21-2 (12).p65 1 2/21/2006, 1:16 AM

အက်ဖ်အေဖလား ပဉ္စမအဆင့်ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင် ချယ်လ်ဆီး၊ မစ်ဒယ်ဘရော့နှင့် ဘာမင်ဂမ်တို့ နိုင်ပွဲရ၊ မန်စီးတီးသရေကျ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

လန်ဒန် ဖေဖော်ဝါရီ ၂၀

အက်ဖ်အေဖလား ပဉ္စမအဆင့် ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၉ရက်က ဆက်လက်ကစားရာ ချယ်လ်ဆီးက ကိုချက်စတာကို ခြေစွမ်းပြအနိုင် ရရှိခဲ့သလို မစ်ဒယ်ဘရော့၊ ဘာမင်ဂမ်တို့လည်း နိုင်ပွဲရရှိသည်။ မန်စီးတီးမှာမူ အက်စတွန်ဗီလာကို သရေသာကစားနိုင်ခဲ့သည်။

ချယ်ဆီးနှင့် ကိုချက်စတာ

စတန်းဖို့ဒ်ဘရစ်ကွင်း၌ အိမ်ရှင်ချယ်လ်ဆီးတို့ အဖွင့်ဂိုးလက်ဆောင်ပေးခဲ့၍သာ တစ်ဂိုးရရှိခဲ့သော ကိုချက်စတာမှာ ချယ်လ်ဆီးကို ခြေရည်တူမကစားနိုင်ခဲ့ချေ။ ဒရော့ဘာ၊ ရိုက်ဖီးလစ်၊ ဒပ်ဖ်နှင့် မန်နစ်ချ်တို့ဖြင့် ပထမပိုင်းပွဲထုတ်လာသော ချယ်လ်ဆီးမှာ ပွဲအစ၌ ကိုချက်စတာ၏တိုက်စစ်ကို ခံခဲ့ရသဖြင့် ထိရောက်သော ဂိုးသွင်းမှု မပြုနိုင်ဘဲ ဖြစ်ခဲ့ရသည်။ ထိန်းချုပ်ထားသော ချယ်လ်ဆီးတို့က ဒုတိယပိုင်း တစ်ချိန်လုံးနီးပါး ဖိကစားနိုင်ခဲ့ရာမှ ပွဲချိန်မိနစ်၉၀တွင် ဂျိုကိုးလ်က ကိုချက်စတာ ဂိုးဧရိယာအစပ်မှ အမှတ်မထင် အမြင့်ဘောကန် သွင်းယူ

အက်ဖ်အေဖလားပဉ္စမအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ပရီစတန်နှင့် မစ်ဒယ်ဘရော့တို့ပွဲတွင် ပရီစတန်မှ မက်သရူးဟီလ်နှင့် မစ်ဒယ်ဘရော့မှ ပါနာဆိုင်တို့ ဘောလုံးရရှိရေး ကြိုးစားစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ခဲ့သဖြင့် တတိယဂိုးရရှိခဲ့ပြီး သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

သို့သော် ချယ်လ်ဆီးတို့ ပွဲချိန်အတော်များများ ထိုးဖောက်ကစားနိုင်သော်လည်း အဆုံးသတ် ဂိုးသွင်းမှုများ လွဲချော်နေရာမှ ပွဲချိန် ၂၈မိနစ်တွင် ချယ်ဆီးမှ ကာဗယ်ဟို ဘောလုံးဖျက်ထုတ်ရာမှဂိုးဝင်သွားသဖြင့်ကိုချက်စတာတို့ အဖွင့်ဂိုး ရရှိသွားခဲ့သည်။

မမျှော်လင့်ဘဲလက်ဆောင်ဂိုးပေးလိုက်ရသဖြင့် ချယ်လ်ဆီးတို့ချေပဂိုးရရှိရေးကြိုးစားရာမှ ပွဲချိန်၃၇မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ပြန်ထွက်လာသော ဘောလုံးကို ချယ်လ်ဆီးမှ ဖာရယ်ရားက ဘယ်ခြေဖြင့် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

တိုက်စစ်ဆင်နိုင်ခဲ့

ပထမပိုင်းပွဲချိန်အတွင်းချယ်လ်ဆီးတိုက်စစ်မှူးများဂိုးထပ်မသွင်းနိုင်တော့ဘဲ ဒုတိယပိုင်းပွဲချိန်တွင် ဒီရာရာအစား ဂျိုကိုးလ်၊ မန်နစ်ချ်အစား ဖရန့်လမ်းပတ်၊ ဒပ်ဖ်အစား ခရက်စပိုတို့ ဝင်ရောက် ကစားခဲ့ရာမှ ချယ်လ်ဆီးတို့ ကစားကွက် အသာစီးရခဲ့ပြီး ကိုချက်စတာဘက်သို့ မနားတမ်း တိုက်စစ်ဆင်နိုင်ခဲ့သည်။

ဦးဆောင်

ချယ်လ်ဆီးမှ ရိုက်ဖီးလစ်၊ ဒရော့ဘာ၊ ခရက်စပိုတို့၏ ထိုးဖောက်မှုကို ကိုချက်စတာ နောက်ခံလူများ မထိန်းနိုင်ဘဲရှိရာ ပွဲချိန်၇၉မိနစ်တွင် ဂျိုကိုးလ်က အနီးကပ်သွင်းယူခဲ့သဖြင့် နှစ်ဂိုး-တစ်ဂိုးဖြင့် ချယ်လ်ဆီးတို့ ဦးဆောင်နေနိုင်ခဲ့သည်။

ကိုချက်စတာတို့ ချယ်လ်ဆီး၏ နေရာမျိုးစုံမှ ထိုးဖောက်မှုကို ကြိုးစားဟန့်တားနေရသဖြင့်တန်ပြန်တိုက်စစ်ကို ထိထိရောက်ရောက် မပြုလုပ်နိုင်ခဲ့ချေ။ ကွင်းလယ်ကစားကွက်ကို

ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် ခြေစွမ်းပြ အနိုင်ယူနိုင်ခဲ့သဖြင့် အခြားအက်ဖ်အေပြိုင်ဖက်အသင်းများ အပေါ် ခြိမ်းခြောက်ထားနိုင်ခဲ့သည်။

ပရီစတန်နှင့် မစ်ဒယ်ဘရော့

ပရီစတန်၏ဒီဒါလီကွင်း၌မစ်ဒယ်ဘရော့ကို ခြေစွမ်းပြ ကစားနိုင်ခဲ့ပြီး ထိုးဖောက်ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိခဲ့သော်လည်း ပြည့်ပြည့်ဝဝ အသုံးမချနိုင်ခဲ့သဖြင့် ပရီစတန်တို့ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။

ပရီစတန်တိုက်စစ်မှူး ဒေးဗစ်နူဂန့်၊ အက်ရီမန်နှင့် ဘရင်းအိုနေးလ်တို့ အပေးအယူ အချိတ်အဆက် လွဲချော်နေမှုနှင့် ဆန္ဒစောနေမှုများကြောင့် အခွင့်အရေးကောင်းများ လက်လွတ်ခဲ့ရခြင်းဖြစ်သည်။ မစ်ဒယ်ဘရော့တို့က ပရီစတန်နောက်တန်းကို (၂၃)ကြိမ်ခန့် ထိုးဖောက်နေခဲ့ပြီး အပိုင်ကန်သွင်းခွင့် သုံးကြိမ်ရရှိခဲ့ရာမှ နှစ်ဂိုးသွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။

မစ်ဒယ်ဘရော့တိုက်စစ်မှူး ယာကူဘူနှင့် ရိုချန်ဘတ်တို့၏ ခြေစွမ်းပြ ထိုးဖောက်နိုင်မှုကြောင့် ၅၂ မိနစ်တွင် မစ်ဒယ်ဘရော့ တိုက်စစ်မှူး ယာကူဘူက ပရီစတန် ဂိုးဧရိယာအတွင်း ၁၂ကိုက်အကွာမှ ဘယ်ခြေဖြင့် ကန်သွင်းခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။

ဒုတိယဂိုးရရှိ

ပရီစတန်တို့ ချေပဂိုး ရရှိရေး အကြိမ်ကြိမ် ထိုးဖောက် ကြိုးစားကစားသော်လည်း တိုက်စစ်မှူးများ ဂိုးသွင်း မသေချာမှုကြောင့် ချေပဂိုး မသွင်းနိုင်သည့်အပြင် ပွဲချိန်၇၇ မိနစ်၌ မစ်ဒယ်ဘရော့ တိုက်စစ်မှူး ယာကူဘူကပင် ပရီစတန် ဂိုးဧရိယာအတွင်းမှ ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ဒုတိယဂိုးရရှိခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

စတူကီနှင့်ဘာမင်ဂမ်

စတူကီတို့ ဘာမင်ဂမ်ကို ခြေရည်တူကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့် အခွင့်အရေးများလည်း ရရှိခဲ့သည်။ စတူကီတိုက်စစ်မှူး စီဒီဘီနှင့် ဂျူနီယာတို့၏ ကန်ချက်များ လွဲချော်နေမှုကြောင့် ဘာမင်ဂမ်တို့ သက်သာခဲ့ရခြင်းဖြစ်ပြီး ဘာမင်ဂမ်တိုက်စစ်ကို စတူကီနောက်တန်း ခံစစ်မှူးများက စနစ်တကျကာကွယ်နိုင်ခဲ့မှုကြောင့် ပထမပိုင်းပွဲချိန်အတွင်း ဘာမင်ဂမ်တို့ ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်း ၄၇မိနစ်တွင် ဘာမင်ဂမ်မှ ဖော်ဆယ်လ်က တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူခဲ့သဖြင့် တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အက်စတွန်ဗီလာနှင့်မန်စီးတီး

မန်စီးတီးတို့ ကံကောင်း၍ သရေပွဲဖြစ်ခဲ့ရခြင်း ဖြစ်သည်။ အက်စတွန်ဗီလာက အိမ်ကွင်း၌ မန်စီးတီးကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့မှုကြောင့် အကြိမ်ကြိမ် တိုက်စစ်ဆင်ကစားနေသော မန်စီးတီးတို့ ပထမပိုင်းပွဲချိန်အတွင်း ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်း ပွဲချိန် ၇၂မိနစ်တွင် အက်စတွန်ဗီလာ တိုက်စစ်မှူး မီလန်ဘားရို့စ်က ဘယ်ခြမ်းမှ ဘောလုံးဆွဲယူလာပြီး ညာခြေဖြင့် အပိုင်ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ မန်စီးတီးတို့ချေပဂိုးရရှိရေး ကစားရှိန်မြှင့် တိုက်စစ်ဆင်ကစားသော်လည်း အပိုင် ကန်သွင်းခွင့်မရရှိဘဲ ဖြစ်နေရာမှ ပွဲချိန်မိနစ် ၉၀ရောက်မှသာ အက်စတွန်ဗီလာ ဂိုးဧရိယာအတွင်းမှ နေ၍ ရစ်ချက်က ခေါင်းတိုက် သွင်းယူခဲ့၍ မန်စီးတီးတို့ တစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ရခြင်းဖြစ်သည်။ ။ **အင်တာနက်**

ကမ္ဘာတစ်လွှား အားကစား

ပရီမီယာလိဂ် ပွဲစဉ်(၂၇) ယှဉ်ပြိုင်ကစား တော့တင်ဟမ်နှင့် ဝီဂန်အသင်းတို့ သရေပွဲဖြစ်

လန်ဒန် ဖေဖော်ဝါရီ ၂၀

ပရီမီယာလိဂ်ပွဲစဉ်(၂၇)အဖြစ် တော့တင်ဟမ်နှင့် ဝီဂန်တို့ ဖေဖော်ဝါရီ ၁၉ ရက် (တနင်္ဂနွေနေ့)က ဆက်လက်ကစားရာ တစ်ဖက်နှစ်ဂိုးစီ သရေပွဲဖြစ်သွားခဲ့သည်။

ငါးပွဲမြောက်

တော့တင်ဟမ်ကွင်း ဝှိုက်ဟက်လိန်း၌ ဧည့်သည် ဝီဂန်၏ အဖွင့်ဂိုးသွင်းယူ ပြီးမှသာ ချေပဂိုးများ လိုက်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ အိမ်ကွင်း၌ တစ်ပွဲသာရှုံးထားသေးသော တော့တင်ဟမ်တို့ ယခုပွဲ အိမ်ကွင်း၌ သရေကျခဲ့ခြင်းသည် ငါးပွဲမြောက်ဖြစ်သည်။

ထိုးဖောက်ကစား

ပရီမီယာလိဂ်ပွဲစဉ်(၂၇)အဖြစ် တော့တင်ဟမ်နှင့် ဝီဂန်တို့ပွဲတွင် တော့တင်ဟမ်မှ လန်နွန်(ယာ)**ထိုးဖောက်ကစားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

အနိမ့်ဘောကန်သွင်း

ဝီဂန်တို့က ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားရာ ပွဲအစ ၁၀ မိနစ်မှာပင် ဝီဂန်အလယ်တန်းကစားသမား ဂျိုဟန်ဆင်က တော့တင်ဟမ် ဂိုးဧရိယာ ပယ်နယ်တီ အမှတ်အသားအနီးမှ ညာခြေဖြင့် အနိမ့်ဘော ကန်သွင်းယူလိုက်သဖြင့် အဖွင့်ဂိုး စောစီးစွာ ရရှိခဲ့သည်။

ချေပဂိုး

ချေပဂိုးရရှိရေး တော့တင်ဟမ်တိုက်စစ်မှူးများဖြစ်သည့် မီဒိုနှင့် ဒီဖိုးတို့က အတွဲညီညီ ထိုးဖောက်ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန် ၂၃ မိနစ်တွင် မီဒိုက ဝီဂန် ဂိုးဧရိယာအတွင်း ၁၂ကိုက်အကွာမှ ဘယ်ခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ချေပဂိုးရရှိခဲ့သည်။

နှစ်ဂိုးစီသရေ

တော့တင်ဟမ်တို့ အနိုင်ဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲချိန် ၆၇ မိနစ်တွင် ဝီဂန်မှ ဂျိုဟန်ဆင်ကပင် အနီးကပ် ညာခြေဖြင့် ကန်သွင်းယူခဲ့သဖြင့် ဒုတိယဂိုး ရရှိခဲ့ပြန်သည်။ သို့သော် တော့တင်ဟမ် တိုက်စစ်မှူး ဒီဖိုးက ပွဲချိန် ၆၈ မိနစ်တွင် ချေပဂိုး ချက်ချင်းပြန်သွင်းယူခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီသရေပွဲ ဖြစ်ခဲ့ရသည်။

ဆဋ္ဌမအဆင့်ရှိ

တော့တင်ဟမ်တို့ သရေပွဲဖြစ်ခဲ့သဖြင့် ၂၇ ပွဲကစား ၄၆ မှတ်ဖြင့် တန်းစီးဇယား စတုတ္ထနေရာ၌ရှိနေပြီး ဝီဂန်က ၂၇ပွဲကစား အမှတ် ၄၀ဖြင့် ဆဋ္ဌမအဆင့်၌ ရောက်နေသည်။

(အင်တာနက်)

ဗီနာကမ္ဘာ့ဖလားရေကူးပြိုင်ပွဲ ဘရာဇီးနိုင်ငံသား ပိုလ်စွဲ

ဘရာဆီးလီးယား ဖေဖော်ဝါရီ ၂၀

ဘရာဇီးနိုင်ငံ ဘီလိုဟိုရီဇွန်တီမြို့တွင် မကြာမီက ကျင်းပသည့် ဗီနာကမ္ဘာ့ဖလား ရေကူးပြိုင်ပွဲ၌ ဘရာဇီးနိုင်ငံသား သီရာဂိုပီရီအီရာက အမျိုးသားမီတာ ၄၀၀ အလွတ်ကူး ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သည်။

ဘရာဇီးနိုင်ငံသား သီရာဂိုပီရီအီရာသည် အမျိုးသားမီတာ ၄၀၀ အလွတ်ကူးပြိုင်ပွဲတွင် စံချိန် ၄ နာရီ ၁၈မိနစ် ၆၉ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။

ပီရီအီရာသည် ဗီနာကမ္ဘာ့ဖလား ရေကူးပြိုင်ပွဲ၌ ယှဉ်ပြိုင်သူများအား သုံးစက္ကန့်အသာဖြင့် အနိုင်ရရှိခဲ့ခြင်း ဖြစ်ကြောင်း သိရှိရသည်။ ပီရီအီရာသည် အမျိုးသားတစ်ဦးချင်းစိတ်ကြိုက်ရေကူးပြိုင်ပွဲများ၌ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(အင်တာနက်)**

ဒဗလျူဘီအို၏ ၁၀၅ပေါင်တန်ချန်ပီယံကာလ်ဒါဆင် စိန်ခေါ်သူကို အမှတ်ဖြင့်အနိုင်ရပြီး ချန်ပီယံဆုကာကွယ်နိုင်

လပ်ဗီးဂတ်စ် ဖေဖော်ဝါရီ ၂၀

အမေရိကန်နိုင်ငံ လပ်ဗီးဂတ်စ်မြို့တွင် ဖေဖော်ဝါရီ၁၈ရက်ကကျင်းပသည့် ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၏ ၁၀၅ပေါင်တန်း ချန်ပီယံပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အိုင်ဗင်ကာလ်ဒါဆင်နှင့် စိန်ခေါ်သူ အစ်ဘူတို့စ်တို့ ယှဉ်ပြိုင်ထိုးသတ်ရာ လက်ရှိချန်ပီယံ ကာလ်ဒါဆင်က သူ၏လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်နိုင်ခဲ့သည်။

ဒဗလျူဘီအို၏ ၁၀၅ပေါင်တန်းချန်ပီယံ လက်ဝှေ့ပြိုင်ပွဲတွင် လက်ရှိချန်ပီယံ အိုင်ဗင်ကာလ်ဒါဆင်(ယာ)**၏ ညာဖြောင့်လက်သီး စိန်ခေါ်သူ အစ်ဘူတို့စ်၏မျက်နှာပေါ် ထိုးမိထားစဉ်။** (ဓာတ်ပုံ-အင်တာနက်)

မနားတမ်းထိုးသတ်

ဒဗလျူဘီအို၏ ၁၀၅ပေါင်တန်း လက်ဝှေ့ချန်ပီယံ အိုင်ဗင်ကာလ်ဒါဆင်သည် ပထမအချီ စကတည်းကပင် အသာစီး ထိုးသတ်နိုင်ခဲ့ပြီး ဒုတိယအချီတွင်မူ အစ်ဘူတို့စ်၏ မျက်နှာနှင့် ဝမ်းဗိုက်များသို့ ဖြောင့်လက်သီး၊ ထောက်လက်သီးများဖြင့် မနားတမ်း ထိုးသတ်နိုင်ခဲ့သည်။

အနိုင်ပေး

သို့သော် အစ်ဘူတို့စ်မှာ ပွဲချိပြည့်သည်အထိ ကြံ့ခိုင်စွာ ထိုးသတ်ခဲ့မှုကြောင့် အမှတ်ပေး ဒိုင်လူကြီးများ အားလုံးက လက်ရှိချန်ပီယံ ကာလ်ဒါဆင်ကို တညီတညွတ်တည်းဆုံးဖြတ်၍ အနိုင်ပေးခဲ့ကြသည်။

အပြင်းအထန်လေ့ကျင့်ခဲ့

ပွဲအပြီး ကာလ်ဒါဆင်က မိမိအနေဖြင့် ချန်ပီယံကာကွယ်ပွဲထိုးသတ်ရန် အပြင်းအထန် လေ့ကျင့်ခဲ့ရကြောင်း၊ ယခုအခါ ၎င်းအကျိုးကျေးဇူးခံစားခဲ့ရခြင်း ဖြစ်ကြောင်း၊ အစ်ဘူတို့စ်သည် ကြံ့ခိုင်သူတစ်ဦးဖြစ်ကြောင်း ပြောကြားသွားသည်။

(အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု စိတ်ကြိုက်မြန်မာစာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ
စိတ်ကြိုက်မြန်မာစာ သိမှတ်ဖွယ်ရာ

တက္ကသိုလ်ဝင်တန်းမှာ စိတ်ကြိုက်အဖြစ် ရွေးချယ်ယူခွင့်ရရှိတဲ့ ဘာသာရပ်တွေထဲမှာ စိတ်ကြိုက်မြန်မာစာ ပါဝင်ပါတယ်။ စိတ်ကြိုက်မြန်မာစာပြဋ္ဌာန်းစာရဲ့ အနှစ်သာရကတော့ အဆင့်မြင့်မြန်မာစာ လေ့လာနိုင်ရေးအတွက် လမ်းကြောင်းခင်းပေးနိုင်ခြင်းပဲဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ယူသူများဟာ **မြန်မာစာအရေးအသားပိုမိုကျွမ်းကျင်လာနိုင်ပါတယ်။ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင်သုံးတတ်**လာနိုင်ပါတယ်။ **မြန်မာစာပေ စကားပြေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်**နိုင်လာပါမယ်။ **မြန်မာစာပေရဲ့ ဖွံ့ဖြိုးတိုးတက်မှုအစဉ်**တွေကို သိလာနိုင်ပါမယ်။ **မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ**တွေကို အလေးထားတတ်လာပါလိမ့်မယ်။

ဒီလိုအကျိုးသက်ရောက်မှုများလှတဲ့ စိတ်ကြိုက်မြန်မာစာမှာ **မောင်ရင်မောင် မမယ်မဝတ္ထု၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်း**တို့ကို ပြဋ္ဌာန်းထားပါတယ်။ ဒီပြဋ္ဌာန်းစာတွေနဲ့ပတ်သက်ပြီး သိမှတ်ဖွယ်ရာတွေကို ဆွေးနွေးတင်ပြပါမယ်။

မောင်ရင်မောင် မမယ်မဝတ္ထုကို **၁၉၀၄**ခုနှစ်မှာ စာရေးဆရာကြီး**ဂျိမ်း(စ်)လှကျော်** ရေးခဲ့ပါတယ်။ ပြင်သစ်ဝတ္ထုရေးဆရာကြီး **အလက်ဇန်းဒါးဒျူးမားရဲ့** Count of Monti Christo ဝတ္ထုကို မှီငြမ်းထားတဲ့ဝတ္ထု ဖြစ်ပါတယ်။ ဒါပေမယ့် ဒီဝတ္ထုမှာ ဂျိမ်း(စ်)လှကျော်ရဲ့ မြန်မာဆန်လှတဲ့ စိတ်ကူးစိတ်သန်းတွေနဲ့ ဖြည့်စွက်ဖန်တီးထားတာကိုတွေ့ရပါတယ်။ ဒီဝတ္ထုဟာ မြန်မာဝတ္ထုသမိုင်းမှာ ပထမဆုံးပေါ်ပေါက်ခဲ့တဲ့ ကာလပေါ်ဝတ္ထုလဲဖြစ်ပါတယ်။ ဒီဝတ္ထုကိုလေ့လာတဲ့အခါမှာ **ဝတ္ထုသဘောတရား၊ ဝတ္ထုလေ့လာနည်းများ**နဲ့အညီ လေ့လာရမှာဖြစ်ပါတယ်။ ဝတ္ထုသဘောတရားနဲ့ ဝတ္ထုလေ့လာနည်းတွေကိုလဲ ဝတ္ထုအမှာစာမှာ ဖော်ပြထားပါတယ်။ ဆရာ၊ ဆရာမများကလဲ ဒီသဘောတရား ဒီလေ့လာနည်းများနဲ့အညီ သင်ကြားပို့ချကြပြီးဖြစ်ပါလိမ့်မယ်။

လေ့လာရာမှာတော့ ဝတ္ထုရဲ့အခြေခံအင်္ဂါရပ်များဖြစ်တဲ့ **ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ကာလဒေသနောက်ခံဝန်းကျင်**နဲ့ **အရေးအသား**ဆိုတဲ့ **ကဏ္ဍလေးရပ်**ကို ခွဲခြားလေ့လာရပါမယ်။ **ဇာတ်ပျိုး၊ ဇာတ်တက်၊ ဇာတ်ထွတ်၊ ဇာတ်ဆင်း**နဲ့ **ဇာတ်သိမ်း**ဆိုတဲ့ ဇာတ်လမ်းရဲ့ **အင်္ဂါရပ်ငါးခု**ကိုလဲ ဆန်းစစ်ကြည့်ရပါမယ်။

မောင်ရင်မောင် မမယ်မဝတ္ထုဟာ ဇာတ်လမ်းဆင်ပုံ အလွန်ကောင်းတဲ့ ဝတ္ထုဖြစ်ပါတယ်။ ဝတ္ထုဖတ်သူရဲ့ သိလိုဇောကို ဝတ္ထုအစကနေ အဆုံးထိရှင်သန်စေတဲ့ဝတ္ထုဖြစ်ပါတယ်။ ဒီလိုရှင်သန်အောင် ဇာတ်လမ်းတစ်လျှောက်လုံးမှာ မောင်ရင်မောင်ကတစ်ဖက် မောင်မြတ်သာနဲ့ မင်းအာဏာတို့ကတစ်ဖက် **အားပြိုင်မှု**တွေနဲ့ ဖန်တီးခဲ့ပါတယ်။ ဇာတ်လမ်းအရှိန်တက်အောင် ဇာတ်တက်ကိုဘယ်လို**အားပြိုင်မှု**တွေ ဘယ်လို**နိမိတ်ပြကွက်**တွေ ဘယ်လို**မြှုပ်ကွက်**တွေနဲ့ ဖွဲ့ခဲ့တယ်ဆိုတာကို လေ့လာရပါမယ်။ ဇာတ်ထွတ်ဖြစ်တဲ့ မောင်ရင်မောင်နဲ့ မမယ်မပြန်လည်တွေ့ဆုံခန်းကိုရောက်အောင် မောင်ရင်မောင် ရာဇဝတ်ဘေးမှလွတ်ခြင်းဖြင့် မြှင့်တင်ပေးခဲ့တယ်။ မောင်ရင်မောင်နဲ့ မမယ်မနှစ်ဦးသဘောတူညီတဲ့ ဇာတ်ထွတ်ကိုရောက်ပြီးတာနဲ့ ဇာတ်ဆင်းသွားတယ်စသဖြင့် ဝတ္ထုရဲ့ သဘောတရားနဲ့ အင်္ဂါရပ်တွေကို ပြဋ္ဌာန်းစာနဲ့ဆက်စပ်ပြီး ဒီလိုလေ့လာရပါမယ်။

ဇာတ်ဆောင်ကဏ္ဍမှာလဲ **မောင်ရင်မောင်၊ မမယ်မ၊ မောင်မြတ်သာ၊ မစောတင်၊ မဖားဥ၊ ဦးပေါ်လာ၊ ဦးဖိုးအို၊ ဦးဖြူတုတ်**စတဲ့ ဇာတ်ဆောင်တွေရဲ့ စရိုက်အဖွဲ့တွေကို တစ်ဦးချင်း လေ့လာထားရပါမယ်။ ဝတ္ထုရဲ့နောက်ခံကားဖြစ်တဲ့ **ကာလဒေသအဖွဲ့**တွေကို ဘယ်လိုရေးဖွဲ့ထားသလဲဆိုတာကိုလဲ လေ့လာရပါမယ်။

ဒါတွေအပြင် ဒီဝတ္ထုမှာ တစ်ခန်းချင်းသိရှိလေ့လာထားသင့်တဲ့အခန်းတွေပါပါတယ်။ **မောင်ရင်မောင်နဲ့ မမယ်မ မင်္ဂလာဆောင်ခန်း၊ မောင်ရင်မောင်ထောင်ကထွက်ပြေးခန်း၊ မဖားဥနဲ့ပြန်တွေ့ခန်း၊ မောင်ရင်မောင်နဲ့ မစောတင်တွေ့ခန်း၊ မောင်ရင်မောင်နဲ့ မမယ်မပြန်လည်တွေ့ဆုံတဲ့ဇာတ်သိမ်းခန်း**တွေဟာ တစ်ခန်းချင်းလေ့လာသင့်တဲ့ အခန်းတွေ ဖြစ်ပါတယ်။

စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာမှာ မေးခွန်း(၄)ပုဒ်မေးထားပြီး တစ်ပုဒ်စီမှာ အပိုင်း(က)နဲ့ (ခ) (၂)ပိုင်းစီပါပါတယ်။ **မေးခွန်း(၁)**ရဲ့ ပုဒ်ခွဲ(၂)ခုလုံးဟာ မောင်ရင်မောင် မမယ်မဝတ္ထု မေးခွန်းများ ဖြစ်ပါတယ်။ **ဝတ္ထုရဲ့ သဘောတရားပိုင်းနဲ့ ဇာတ်လမ်းဇာတ်ဆောင် နောက်ခံဝန်းကျင် အရေးအသားတို့ကို သုံးသပ်တဲ့အပိုင်း**များကို မေးပါတယ်။ ရှေ့က ဆွေးနွေးရှင်းလင်းပြခဲ့တဲ့အတိုင်း မှတ်မှတ်သားသား လေ့လာထားရင် ဝတ္ထုမေးခွန်းများကို ပိုင်ပိုင်နိုင်နိုင် ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

နောက်ပြဋ္ဌာန်းစာတစ်အုပ်ကတော့ **သံဝရပျို့**ဖြစ်ပါတယ်။ သံဝရပျို့ကို အင်းဝခေတ်စာဆိုအကျော်**ရှင်မဟာရဋ္ဌသာရ**ရေးဖွဲ့ခဲ့ပါတယ်။ ငါးရာငါးဆယ်ဇာတ်တော်ထဲက သံဝရဇာတ်ကို ပျို့ဖွဲ့ဆိုထားခြင်းဖြစ်ပါတယ်။ နိဒါန်းမှာပါရှိတဲ့ **ပျို့လေ့လာနည်း**ကို လက်စွဲပြုပြီး သံဝရပျို့ကို လေ့လာရပါမယ်။ နိဒါန်းမှာခွဲပြထားတဲ့ **အခန်းတစ်ခန်းချင်းအလိုက်**လဲ လေ့လာရပါမယ်။ **ဗြဟ္မဒတ်မင်းကြီး၊ ဆရာအမတ်ကြီးနဲ့ သံဝရမင်းသား**ဆိုတဲ့ ဇာတ်ဆောင်တစ်ဦးချင်းရဲ့ စိတ်ထားစရိုက်၊ ပြုမူပြောဆိုပုံ၊ အရည်အသွေးစတဲ့ အကြောင်းအရာတွေကို မိမိအရေးအသားနဲ့ ပြန်လည်ရေးသားနိုင်ရပါမယ်။ အဲဒါတွေအပြင် ပျို့မှာပါရှိတဲ့ **ဥပမာ ရူပက**စတဲ့ အလင်္ကာအဖွဲ့တွေ၊ **စကားပုံ**တွေ၊ **ဆိုရိုးစကား**တွေရဲ့ အဓိပ္ပာယ်တွေကိုလဲ အသေးစိတ်ရှင်းပြတတ်ဖို့ ပြေပြေပြစ်ပြစ် ပြန်ရေးတတ်ဖို့လိုအပ်ပါတယ်။ **"ရွှေဟန်ဆင်းယောင်၊ ဟင်္သာဘောင်တွင်၊ အတောင်ဖြူကြာ၊ ဗျိုင်းပမာသို့"၊ "လက်ဝါးပြင်ထက်၊ တင်သည့်မြက်ကို၊ အိမ်ကြက်ဆောင်းလျှောင်၊ စားသောယောင်သို့"၊ "ကွန်ကိုတံငါ၊ ကိုင်ဆုပ်ငှာလျှင်၊ တီမှာငါးများ၊ ဝင်လှာငြားအံ့"**စတဲ့ နှစ်သက်စရာအဖွဲ့ကောင်းတွေများစွာ ပါပါတယ်။ ဒီလိုအဖွဲ့မျိုးတွေကို အရည်လည်အောင်ရှင်းပြနိုင်ရပါမယ်။ **မေးခွန်း(၂)**ဟာ သံဝရပျို့မေးခွန်းဖြစ်ပါတယ်။ မေးခွန်း ပုဒ်ခွဲ(၂)ခု ပါဝင်ပါတယ်။ တစ်ပုဒ်က **ပျို့စာကိုယ်လာစာပိုဒ်တွေကို ရှင်းပြ**ရမှာဖြစ်ပြီး နောက်တစ်ပုဒ်ကတော့ **ပျို့ရဲ့အကြောင်းအရာ အရေးအဖွဲ့ကို သုံးသပ်**ရမှာဖြစ်ပါတယ်။ **ဇာတ်ဆောင်**လိုက်၊ **ဇာတ်ခန်း**လိုက်နဲ့ **ပျို့စာကိုယ်အဖွဲ့အနွဲ့**တွေကိုပါ သေသေချာချာလေ့လာထားရင် ပျို့ကဗျာဖြေဆိုရတာဟာ အလွန်နှစ်သက်ကြည်နူးစရာ ဖြစ်ပါတယ်။

မြန်မာကဗျာဖွဲ့နည်းပြဋ္ဌာန်းစာကတော့ မြန်မာကဗျာရဲ့ အခြေခံကျတဲ့ ကဗျာဖွဲ့နည်းတွေကို သာဓကများစွာနဲ့ ရှင်းပြထားပါတယ်။ **ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်**ဆိုတဲ့ ကဗျာဖွဲ့နည်းတွေ ပါပါတယ်။ ဒီကဗျာအမျိုးအမည်တစ်ခုစီရဲ့ **သဘောအဓိပ္ပာယ်**တွေကို သိဖို့လိုအပ်ပါတယ်။ ပြီးတော့ ကဗျာအမျိုးအစားတစ်ခုစီရဲ့ **ကာရန်စနစ်**ကိုလဲ လေ့လာထားရပါမယ်။ **မေးခွန်း(၃)**မှာ ကဗျာဖွဲ့နည်းကို မေးပါတယ်။ ကဗျာအမျိုးအမည် ဖွဲ့နည်းစတာတွေကို **မှတ်စု**ရေးရမှာ ဖြစ်ပါတယ်။ ကဗျာတစ်ပုဒ်ပေးထားပြီး ပေးထားတဲ့ ကဗျာရဲ့အမျိုးအမည်နဲ့ ကာရန်စနစ်ကိုဖော်ပြရမယ့် **လက်တွေ့မေးခွန်း**တစ်ပုဒ်လဲ ပါပါတယ်။ ဒါကြောင့်မို့ ကဗျာအမျိုးအစားတစ်ခုစီရဲ့ **ကာရန်ယူပုံစနစ်**ကိုလဲ ခွဲခွဲခြားခြား ရှင်းရှင်းလင်းလင်း သိရှိအောင် လေ့လာထားဖို့ လိုအပ်ပါတယ်။

မြန်မာစာပေသမိုင်းစာအုပ်မှာတော့ **ကုန်းဘောင်ခေတ်**နဲ့ **ကိုလိုနီခေတ်**စာပေသမိုင်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ခေတ်ဆိုတဲ့ နောက်ခံကာလဝန်းကျင်ကို အကြောင်းပြုပြီး ပေါ်ထွန်းလာတဲ့ မြန်မာစာပေအထွေထွေကို ကဏ္ဍအလိုက် တင်ပြထားတယ်။ **မေးခွန်း(၄)**မှာ မြန်မာစာပေသမိုင်းကို မေးပါတယ်။ **ဓမ္မဓိဋ္ဌာန်မေးခွန်း**တွေပါတဲ့အတွက် စာပေသမိုင်းဆိုင်ရာအဓိကကျတဲ့ အချက်အလက်တွေကို မှတ်မှတ်သားသားရှိဖို့လိုအပ်ပါတယ်။ ကဏ္ဍအလိုက် ခြုံငုံဆွေးနွေးရတဲ့ မေးခွန်းကို ဖြေနိုင်ဖို့အတွက်ကတော့ **ဝတ္ထု၊ စကားပြေ၊ ပြဇာတ်၊ ကဗျာ**ဆိုတဲ့ စာပေကဏ္ဍများအလိုက် ခွဲခွဲခြားခြား လေ့လာထားရပါမယ်။

ဒီလောက်ဆိုရင် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို **လေ့လာဖို့**နဲ့စိတ်ကြိုက်မြန်မာစာမေးခွန်းလွှာကို **ဖြေဆိုဖို့** အတွက် သိမှတ်ဖွယ်ရာတွေကို သိရှိမှတ်မိသွားကြပြီလို့ မျှော်လင့်ပါတယ်။ စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ဆည်းပူးလေ့လာခြင်းအားဖြင့် အဆင့်မြင့်မြန်မာစာပေရဲ့ အနှစ်သာရကို သိရှိခံစားနိုင်ကြပါစေ။ တက္ကသိုလ်ဝင်တန်း စာမေးပွဲကြီးကို အောင်မြင်ပျော်ရွှင်စွာဖြေဆိုနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။ ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ အောင်ချမ်းသာကျေးရွာ ကျေးလက် ရေပေးရေးဖွင့်ပွဲကို ဖေဖော်ဝါရီ၁၀ရက်က ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မွန်၊ မြို့နယ်ဥက္ကဋ္ဌ ဦးပါစည်နှင့် အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

ကျောင်းကုန်း၌ ဂုန်လျှော် ဧက ၈၀၀ စိုက်မည်

ကျောင်းကုန်း ဖေဖော်ဝါရီ ၁၈

၂၀၀၆–၂၀၀၇ ခုနှစ်ဂုန်လျှော်စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၅ရက်နံနက် ၁၀နာရီက ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ် ဂုန်လျှော်ပစ္စည်းလုပ်ငန်းမန်နေဂျာ ဒေါ်အေးအေးမူက ဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက်မြို့နယ်ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်က ကျေးရွာအုပ်စု ၂၆ အုပ်စုရှိ ကျေးရွာဥက္ကဋ္ဌများအား ၂၀၀၆–၂၀၀၇ ခုနှစ် ဂုန်လျှော် စိုက်ပျိုးရေးစီမံကိန်း တာဝန်များ ပေးအပ်သည်။**(အောက်ပုံ)**

၂၀၀၆–၂၀၀၇ခုနှစ်တွင် ကျောင်းကုန်းတစ်မြို့နယ်လုံးတွင် ဂုန်လျှော် ဧက ၃၅၀ နှင့် ချဉ်ပေါင်ဂုန်လျှော်ဧက ၄၅၀ စုစုပေါင်းဧက ၈၀၀ စိုက်ပျိုးမည် ဖြစ်ကြောင်းသိရသည်။ **(၂၆၅)**

ကြံခင်း၌ သွေးလှူရှင်များနှင့် ဘက်စုံအလှူရှင်များဂုဏ်ပြု

ကြံခင်း ဖေဖော်ဝါရီ ၁၅

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် သွေးလှူရှင်များအားဂုဏ်ပြုဆုချီးမြှင့်ပွဲ နှင့် ဘက်စုံအလှူရှင်များအား မှတ်တမ်းတင် ဂုဏ်ပြုပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက်နံနက်၁၀နာရီက ကြံခင်းမြို့ ဘက်ရဲတိုက်နယ်ဆေးရုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပုကအမှာစကား ပြောကြားပြီး တိုက်နယ်ဆရာဝန် ဒေါ်ကြည်ကြည်မာက သွေးလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူရှင်များနှင့် ဘက်စုံအလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့်ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

21-2 (15).p65 1 2/21/2006, 1:17 AM

လေးကျွန်းထိပ်တင် ဆုတောင်းပြည့်စေတီတော် ရွှေထီးတင်လှူပူဇော်ပွဲ မော်လမြိုင်ကျွန်း၌ ကျင်းပ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၅

မော်လမြိုင်ကျွန်းမြို့နယ် နံ့ကျွန် ကျေးရွာအုပ်စု လေးထပ်ကြီးကျေးရွာတွင် ကျေးရွာပြည်သူများ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၇၀ကျော်ဖြင့် အသစ်တည်ထားကိုးကွယ်သော ဉာဏ်တော် ၂၅တောင်ရှိ လေးကျွန်းထိပ်တင် ဆုတောင်းပြည့်စေတီ ရွှေထီးတော်တင်လှူပူဇော်ပွဲကို ဖေဖော်ဝါရီ၁၁ရက် နံနက် ၉ နာရီက စေတီတော်ရင်ပြင်၌ ကျင်းပသည်။

လယ်ယာရစ်ပတ်

အခမ်းအနားတွင် နာယက ဆရာတော်ကြီးများထံမှ ကိုးပါးသီလနှင့် ဩဝါဒခံယူကြပြီး မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သာသနာရေးဦးစီးဌာန ဦးစီးမှူးဦးသိန်းထွဋ်နှင့် ဘာသာရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျေးရွာအလှူရှင်များ တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့အား ပင့်ဆောင်ကြပြီး လေးကျွန်းထိပ်တင် ဆုတောင်းပြည့်စေတီတော်ကို လက်ယာရစ် သုံးပတ်ပတ်၍ ပူဇော်ကြသည်။ **(အပေါ်ပုံ)**

တင်လှူပူဇော်

ထို့နောက် စိန်ဖူးတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို ပန်းရထားဖြင့် တင်ဆောင်ပြီး လေးကျွန်းထိပ်တင် ဆုတောင်းပြည့်စေတီတော်အား ရွှေထီးတော် တင်လှူပူဇော်ကြသည်။ (ဝ၉၇)

ဆုတောင်းပြည့်စေတီ အုတ်မြစ်စီပွဲကျင်းပ

မိုင်းရှူး ဖေဖော်ဝါရီ ၅

မိုင်းရှူးမြို့နယ် ဝမ်ကန်တော် ထေရဝါဒဗုဒ္ဓသာသနာပြု လျှမ်းပြည့်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ လာဘသိဒ္ဓိဆုတောင်းပြည့်စေတီ အုတ်မြစ်စီမင်္ဂလာပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၉နာရီက ကျင်းပရာ သာသနာပြုဆရာတော် ဘဒ္ဒန္တပဏ္ဍိဝံသ ဦးဆောင်၍ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးအောင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးအောင်ခန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။ (က–ပ)

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ပန်းတောင်းမြို့၌ မြို့ကြီး–တောမ ကျောက်ချောခင်းလမ်းဖွင့်

ပန်းတောင်း ဖေဖော်ဝါရီ ၁၆

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျောင်းဦးကျေးရွာအုပ်စု မြို့ကြီး–တောမကျေးလက်ဒေသဖွံ့ဖြိုးရေး ကျောက်ချောခင်းလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီက အဆိုပါလမ်းမုခ်ဦးထိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းခွဲ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းနှင့် အဖွဲ့ဝင်များ၊ ပြည်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးထွန်းအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်တင့်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့မှ ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)တိုင်းခွဲ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တွဲဖက်တိုင်းအုပ်ချုပ်ရေးမှူး ဦးရန်မျိုးအောင်သိန်းနှင့် ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးထွန်းအေး တို့က လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အောက်ပုံ)** ပဲခူးတိုင်း(အနောက်ပိုင်း) တိုင်းခွဲ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းနှင့် တာဝန်ရှိသူများက လမ်းကို စစ်ဆေးကြည့်ရှုကြသည်။

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်တင့်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ကျောက်ခင်းလမ်းလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လမ်းဖွင့်ပွဲအထိမ်းအမှတ် ပစ္စည်းများကို ပဲခူးတိုင်း (အနောက်ပိုင်း)တိုင်းခွဲ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ် လှမင်းထံပေးအပ်၍ မြို့ကြီး ကျေးရွာ အမကနှင့် တောမကျေးရွာ အမကတို့အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါလမ်းမှာ ပေ၇၉၂၀ဖြစ်ပြီး နိုင်ငံတော်မှ ပံ့ပိုးငွေကျပ် ၁၃သိန်း၊ ပြည်သူများလှူဒါန်းငွေကျပ် ၇၅၀၀၀၀ တို့ဖြင့် ဖွင့်လှစ်နိုင်ခြင်းကြောင့် ရာသီမရွေး သွားလာနိုင်ပြီး ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

ခြံစည်းရိုးကြက်ဆူပျိုးကိုင်း၊ပျိုးပင်၊ မျိုးစေ့ချပျိုးထောင် ဇီဝဒီဇယ်ဆီဖြင့် ထွန်စက်နှင့် ထော်လာဂျီများ သရုပ်ပြမောင်းနှင်

ရွှေညောင် ဖေဖော်ဝါရီ ၁၅

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ရွှေညောင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာ့ဂုဏ်ရည်ကုမ္ပဏီလီမိတက်တို့က ကြီးမှူးကျင်းပသည့် ခြံစည်းရိုးကြက်ဆူပျိုးကိုင်း၊ပျိုးပင်၊ မျိုးစေ့ချ၊ ပျိုးထောင်ပွဲနှင့် ဇီဝဒီဇယ်အင်ဂျင်မောင်းနှင်သရုပ်ပြပွဲကို ဖေဖော်ဝါရီ၈ရက် နံနက် ၉ နာရီက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြန်မာ့ဂုဏ်ရည်ကုမ္ပဏီ ပျိုးဥယျာဉ်ကွင်း၌ ကျင်းပသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နာယက မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းက ခြံစည်းရိုး ကြက်ဆူစိုက်ပျိုးရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးမိုးထွန်းက ပျိုးဥယျာဉ် တည်ထောင်ရခြင်းနှင့် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

သရုပ်ပြမောင်းနှင်

ထို့နောက် တက်ရောက်လာသူများက ခြံစည်းရိုးကြက်ဆူပျိုးကိုင်း၊ ပျိုးပင်၊ မျိုးစေ့ချစိုက်ပျိုးခြင်း၊ ပြခန်းများကိုကြည့်ရှုကြခြင်း၊ ဇီဝဒီဇယ်ဆီဖြင့် မီးခွက်၊ လယ်ယာ(၁၆) လက်တွန်းထွန်စက်နှင့် ထော်လာဂျီစက်များကို သရုပ်ပြမောင်းနှင်ခြင်းများကို ကြည့်ရှုကြသည်။

လေ့လာကြည့်ရှု

အဆိုပါ အခမ်းအနားသို့ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ဦးဝေလင်း၊ အတွင်းရေးမှူးဦးမိုးထွန်းနှင့် မြန်မာ့ဂုဏ်ရည်ကုမ္ပဏီလီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးသိန်းမြင့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှမြင့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ မြို့ပေါ်သုံးရပ်ကွက်၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ နွားတန်းကြီးကျေးရွာအုပ်စုနှင့် ကျောက်ပုံကျေးရွာအုပ်စုတို့မှ ပြည်သူများက ပျိုးဥယျာဉ်သို့ လေ့လာကြည့်ရှုကြသည်။

(ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း)

ရန်ကုန်မြို့ ကန်တော်ကလေး ၉၃လမ်း ၁၂၉/က နေ ဦးသိန်းမောင် (၁၉)နှစ်မြောက်နှင့် ဒေါ်ညွန့်ရည် တစ်နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူ သားသမီးတစ်စုက အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿန လမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်စီစီမာက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်စဉ်။ (က–ပ)

ကြီးကြပ်ဆောင်ရွက်

မကွေးတိုင်း စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မောင်ကော့ကန်ကျေးရွာ စက်ရေတွင်းသုံး အင်ဂျင်စက်တွင် ကြက်ဆူဆီဖြင့် မောင်းနှင်အသုံးပြုမှုကို ဇန်နဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

မြန်မာ့အသံ

၂၂–၂–၂၀၀၆
(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (မုံရွာစက်မှုဇုန်ခွဲ စစ်ကိုင်းခရိုင်၏ စက်မှုစွမ်းအားဆောင်ရွက်ချက်များ)
၁၁:၃၀ သောတရှင်အတွက် ပြန်ကြားချက်
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ရိုးရာလွန်းရာကျော် ချိတ်လုပ်ငန်းအကြောင်း ဆွေးနွေးခန်း)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ဘာအတွက်လဲ၊ ဘာအဓိကလဲ– နံ့သာမြေ–မောင်ပြေသင်း)

ညနေပိုင်း

၁၆:၁၅ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အထောက်အကူပြု သင်ခန်းစာအစီအစဉ်(ဘောဂဗေဒ)
၁၇:၃၀ ခံတွင်းမြိန်စရာ သူ့လက်ရာ ရုံးပတီသီးနှင့် ပုစွန်ဟင်း၊ ပုန်းရည်ကြီးသုပ်)
၁၇:၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်း၏ ပတ္တလားလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဖခင် နို့တိုက်ခဲ့သည့် ကျွန်တော့်အဖေနှင့် ငယ်စဉ်ကာလ ဘဝဖြစ်ရပ်များ (ကေသီပန်–ဦးလှမြင့်)
(၂) စီအိုင်အေ၏ အကြီးကျယ်ဆုံး ထိုးနှက်ချက်များ (သောင်းထိုက်–မြန်မာပြန်သည်)
၁၉:၁၅ သီချင်းကြီး တူရိယာအဖွဲ့ (ရွှေကူနန်းနွဲ့နွဲ့–သီချင်းကြီးအဖွဲ့)
၂၀:၃၀ မေတ္တာလက်ဆောင်ရတေးစီးရီး (ချိုကြည်သာ တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပိုးအိစံ၏ ပေးစားသူနှင့်ယူလိုက်ပါစီးရီး)

၁။ ခြံနှင့်အိမ် ၂။ ခြံဝင်းကျယ်
ဈေးသက်သာစွာနှင့် ရောင်းမည်

၁။ သန်လျင် ကျောက်တန်းမြို့ လမ်းမကြီးဘေးရှိ ခြံနှင့်အိမ်။ ရေ၊ မီး၊ ဖုန်း၊ သီးနှံစုံရှိ။ (ဖုန်းမပါ)
၂။ ဓမ္မရိပ်သာလုပ်ရန်(သို့မဟုတ်)သစ်ခွစိုက်ရန် ခြံဝင်းကျယ်။
ဖုန်း–၅၃၅၃၈၆ သို့ နံနက် ၉း၀၀နာရီမှ ၁း၀၀နာရီအတွင်း ဆက်သွယ်ပါ။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆)
ပခုက္ကူခရိုင်နယ်တရားမရုံးတော်၌။
၂၀၀၆ ခုနှစ်၊ ဇာရီမှုအမှတ်(၇)

မန်နေဂျာ၊မြန်မာ့စီးပွားရေးဘဏ် ပခုက္ကူမြို့။ **ဒီကရီရသူ** **နှင့်** ၁။ ဦးသန်းမောင် ၂။ ဒေါ်သိန်းရီ **တရားရှုံး**

ပခုက္ကူခရိုင် နယ်တရားမရုံးတော်က၂၀၀၂ခုနှစ်၊ တရားမမှုအမှတ်(၅)တွင် စရိတ်များအပါအဝင် ငွေ ၂၀၆၄၇၁၃ကျပ် ၁၆ပြားအတွက်၊ ဒီကရီအတည်ဇာရီပြုရာ၊ စာရင်း၌ဖော်ပြထားသော ပစ္စည်းများတွင် တရားရှုံး အကျိုးသက်ဆိုင်ခြင်းကို ၂၀၀၆ခုနှစ်၊ မတ်လ ၂၈ရက်နေ့ (မြန်မာသက္ကရာဇ် ၁၃၆၇ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ရက်)နေ့ မွန်းမတည့်မီ ၁၀နာရီအချိန်တွင် တရားရှုံးများပိုင် နေအိမ်နှင့် ဝိုင်းမြေမှာ လေလံတင်၍ ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူတို့ရှေ့ လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အစုအပုံများ ပြုပြီးလျှင် ပစ္စည်းကို ရောင်းချလိမ့်မည်။ ထိုစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း အထက်အမည်ပါ တရားရှုံး၏ ပစ္စည်းကိုရောင်းချလိမ့်မည်။ အဆိုပါ ပစ္စည်းပေါ်တွင် တင်ရှိသည့် ကြွေးမြီ ကစိပတ်တာဝန်များမှာ စုံစမ်းသိသာသမျှ၊ အစုအသီးသီးနှင့် ဆိုင်ရာတည့်တည့် ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်းဖြစ်သည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာတကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ်စေရန် ဆင့်ဆိုကြော်ငြာလိုက်သည်။ သို့သော်လည်း အထက်အမည်ပါ တရားနိုင်သော်လည်းကောင်း၊ တရားနိုင်အတွက်သော်လည်းကောင်း၊ ဆွဲဝယ်သည်ကို လက်ခံမည်မဟုတ်သည်သာမက၊ ၎င်းတို့သို့ တစ်စုံတစ်ရာ ရောင်းချခြင်းသည် ရုံးတော်အခွင့်အမိန့်တင်ရင်၍ အတည့်အလင်းမရမရှိလျှင် ခိုင်မာလိမ့်မည်မဟုတ်၊ ရောင်းချရန်နောက်ထပ် စည်းကမ်းအချက်များမှာ အောက်၌ဖော်ပြထားသည်။

ရောင်းချရန်နောက်ထပ်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ ရုံးတော်က သတင်းစကားရရှိ သိသာနိုင်သမျှဖြစ်သည်။ သို့သော်လည်း ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကျန်ကြွင်းခြင်း တစ်ခုခုအတွက် ရုံးတော်က တာဝန်ခံမည်မဟုတ်။

တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာရောင်းချလိမ့်မည်အကြောင်း၊ လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုကြရန် နှိုးဆော်လိုက်သည်။

၂။ လေလံဆွဲတက်ရာ မည်မျှမည်ရွေ့ တိုးတက်ရမည်ကို ရောင်းချသူအရာရှိက ဆုံးဖြတ်လိမ့်မည်။ ဆွဲတက်သည့် ငွေအတွက်နှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ မည်သူကဆွဲတက်သည်နှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ တစ်ခုခုအငြင်းအခုံ ဖြစ်ပွားသည့် အချက်တွင် ၎င်းပစ္စည်းစုကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင် ရောင်းချလိမ့်မည်။

၃။ အများဆုံး တိုးတက်ဆွဲဝယ်ယူသူမှာ ၎င်းပစ္စည်းတစ်ခုခုကို ဆွဲဝယ်ယူသူ ဖြစ်ကြောင်း ပြဋ္ဌာန်းလိမ့်မည်။ သို့သော်လည်း ၎င်းလူမှာ တရားဥပဒေနှင့်အညီ တိုးတက်ဆွဲဝယ်ရန် အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်စေရမည်ပြင် အမြင့်ဆုံး တိုးတက်ဆွဲဝယ်သည့် အတိုးမှာ နည်းပါးကြောင်းထင်ရှား၍ လက်ခံရန် မသင့်မလျော်ကြောင်း လေလံရောင်းချသည့် အရာရှိက၊ သို့တည်းမဟုတ် ရုံးတော်က ထင်မြင်လျှင် လက်မခံငြင်းပယ်ရန် ရုံးတော်က၊ သို့တည်းမဟုတ် ၎င်းအရာရှိက ချင့်ချိန်တိုင်းထွာ၍ ဆောင်ရွက်ခွင့်ရသည်။

၄။ အမိန့်နံပါတ် ၂၁၊ နည်းဥပဒေ ၆၉ပါ ပြဋ္ဌာန်းချက်များကို အမြဲအထောက်အထားပြု၍၊ ရောင်းချမှုကို ဆောင်ရွက်သူအရာရှိက စဉ်းစားဆင်ခြင်၍ အကြောင်းဖော်ပြရေးမှတ်ပြီးလျှင်၊ ရောင်းချခြင်းကို ရွှေ့ဆိုင်းခွင့်ရသည်။

၅။ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့် အချက်တွင်၊ ပစ္စည်းစုအသီးသီး၏ အတိုးငွေကို ရောင်းချသည့်အခါတွင် ပေးချေရမည်။ သို့တည်းမဟုတ် ရောင်းချသူ အရာရှိက ဆင့်ဆိုသည့်အတိုင်း ရောင်းချပြီးနောက် မြန်နိုင်သမျှ အချိန်အခါတွင် ပေးချေရမည်။ ပေးချေမပြု ပျက်ကွက်လျှင် ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။

၆။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းဖြစ်သည့်အချက်တွင် ဆွဲဝယ်သူအဖြစ် ပြဋ္ဌာန်းခံရသူမှာ ရောင်းချသည့် အရာရှိထံသို့ ဝယ်ငွေတစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကျသကဲ့သို့ ပြဋ္ဌာန်းပြီးသည့်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ဤကဲ့သို့ ပေးသွင်းမပြုပျက်ကွက်ခဲ့လျှင်၊ ပစ္စည်းကို ချက်ချင်းတစ်ဖန်ပြန်၍ လေလံတင်ရောင်းလိမ့်မည်။

၇။ ဆွဲဝယ်သည့် ငွေအလုံးကို ဆွဲဝယ်သူက၊ ပစ္စည်းရောင်းချသည့်နေ့ကိုပယ်၍ ပစ္စည်းကို ရောင်းပြီးနောက် ၁၅ရက်မြောက်နေ့တွင် ရုံးမဆင်းမီ ပေးဆောင်ရမည်။ ၁၅ရက်မြောက်နေ့မှာ တနင်္ဂနွေနေ့သော်လည်းကောင်း၊ အခြားရုံးပိတ်ရက်နေ့သော် လည်းကောင်းဖြစ်လျှင် ၎င်း ၁၅ရက်မြောက်နေ့နောက် ရုံးဖွင့်သည့်နေ့တွင် ပေးဆောင်ရမည်။

၈။ အထက်ခွင့်ပြုသည် အချိန်ကာလအတွင်း ဆွဲဝယ်ရာ ကျန်ငွေကို မပေးမဆောင် ပျက်ကွက်ခဲ့လျှင် ရောင်းချရန် ကြော်ငြာစာ အသစ်ထုတ်ပြီးနောက်၊ ၎င်းပစ္စည်းကို တစ်ဖန်ပြန်၍ ရောင်းချလိမ့်မည်။ တင်ထားသည့် ကြေးငွေကိုလည်း ရောင်းချသည့်အတွက် စရိတ်များကိုပေးပြီး နောက်၊ ရုံးတော်က သင့်သည်ထင်မြင်ခဲ့လျှင် အစိုးရမင်းသို့ ဆုံးရှုံးခံစေ၍ ငွေမပေးမဆောင် ပျက်ကွက်သူမှာ ၎င်းပစ္စည်းကိုဖြစ်စေ၊ နောက်တစ်ဖန် ရောင်းချရာ ရရှိသည့် ငွေတစ်စိတ် တစ်ဒေသကိုဖြစ်စေ ဆိုင်ရာဆိုင်ခွင့်အရပ်ရပ်မှ ဆုံးရှုံးစေရမည်။

၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ရက်နေ့တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

၎င်းစာရင်းတွင် ရေးသွင်းရန် စက္ကူအထူချပ်ပေါ်မှာ ကပ်ထားသည့် ညွှန်ပြချက်များ (တရားမပုံစံနံပါတ် ၉၆)ကို သတိပြု၍ နားလည်အောင် တက်ကြည့်ရမည်။

ပခုက္ကူမြို့၊ ကျွဲတဲအုပ်စု၊ ကွင်းအမှတ်(၃၄၁) ရွှေချောင်း၊ ဦးပိုင်အမှတ်(၉၃) ဧရိယာ(၀ဒသမ၀၆၈) ဧကေရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၃၁X၁၆X၁၅)ပေကျယ် တစ်ထပ် နံကပ်တိုက် အပါအဝင် အဆောက်အအုံများအားလုံး၊ တပ်ဆင်ထားသော စက်ကိရိယာ ပစ္စည်းများအားလုံး။ (ကြမ်းခင်းဈေး၂၁သိန်းကျပ်သတ်မှတ်သည်။) **ဝင်းငွေး**

ခရိုင်တရားသူကြီး။

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့၊ ရွှေဘိုတပ်၊ ရွှေဝါထွန်းလမ်း၊ အမှတ် ၁၄ နေ
ဦးလှိုင်ဟုတ်(ခ)ဦးလှိုင်ထွန်း–ဒေါ်ဝမ်အေး(ခ)ဒေါ်ချိုမာနွယ်
(တက်နေဝင်းထွန်းရေယာဉ်–၁+၂)၊ (တက်နေမင်းထွန်းရေယာဉ်)တို့၏
တစ်ဦးတည်းသောသား
မောင်ဇော်မင်းထွန်း B.A (Oriental Studies)
နှင့်
ပုသိမ်မြို့၊ သီရိဝင်း အမှတ် ၂၅ နေ ဦးတင်အုန်း–
ဒေါ်ဟန်တိ(ခ)ဒေါ်သန်းသန်းမူ (ကုန်သွယ်ရေးမန်နေဂျာ–ငြိမ်း)
(နဝရတ်သက်န်းတိုက်)တို့၏ သမီးငယ်
ဒေါက်တာနန်းနှင်းအေးခိုင် M.B., B.S (Ygn)
လက်ထောက်ဆရာဝန် (ပုသိမ်ပြည်သူ့ဆေးရုံကြီး)

တို့၏ ၁၉–၂–၂၀၀၆ ရက် (တနင်္ဂနွေ)နေ့တွင် ပုသိမ်မြို့ ပို့စ့တောင်ခန်းမတွင် ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတို့၌ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ လူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ လူကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဆောင်မွန် ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများ၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါ ကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်မင်းထွန်း–ဒေါက်တာနန်းနှင်းအေးခိုင်။

ဦးသာကျော်မောင်၊ ဦးစောတာကပေါ်(တရားရုံးချုပ်ရှေ့နေများ)
ဒေါ်အဲလစ်၊ ဒေါ်နန်းထွေးရှင်တို့၏ ၁၇–၂–၂၀၀၆ရက်နေ့
ကြေးမုံသတင်းစာပါ မြေအမည်ပြောင်းရန် တားမြစ်ကန့်ကွက်ခြင်းအပေါ်
အများသိစေရန် အသိပေးပြန်လည် ကြေညာခြင်းအတွက် ထပ်မံ၍

တားမြစ်ကန့်ကွက်ခြင်းနှင့်
အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ဒဂုံမြို့သစ်(မြောက်ပိုင်း)၊(၃၆)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁၀၄) နေ ဦးစိုးအောင်မင်း၁၂/ရကန(နိုင်)၀၀၆၁၇၈ ဥက္ကဋ္ဌ ရှမ်းတိုင်းရင်းသားနှစ်ခြင်းခရစ်ယာန်အသင်းတော်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

ရန်ကုန် ရှမ်းတိုင်းရင်းသားနှစ်ခြင်းခရစ်ယာန်အသင်းတော်အား ၂၀၀၁ခုနှစ် ဇန်နဝါရီလတွင် ဦးစိုးအောင်မင်းမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ ဒေါ်အဲလစ်နှင့် ဒေါ်နန်းထွေးရှင် အပါအဝင် အဖွဲ့ဝင်ရှစ်ဦးဖြင့် ကော်မတီ စတင်ဖွဲ့စည်းခဲ့ပါသည်။ ထို့ပြင် အသင်းမှ အသင်းသားများ အသုံးပြုရန်အတွက် လိုအပ်သော မြေကွက်ဝယ်ယူရန် အသင်းဥက္ကဋ္ဌ ဦးစိုးအောင်မင်းမှ ကိုယ်ကျိုးအတွက်မကြည့်ဘဲ အသင်းသူအသင်းသားများ၏ အကျိုးအတွက် ဘဏ္ဍာထိန်း၊ စာရင်းစစ်အဖွဲ့တို့ဖြင့် တိတိကျကျ ဖွဲ့စည်းပြီး မိမိကိုယ်တိုင်ထည့်ဝင်ငွေများနှင့် အသင်းသူအသင်းသားများမှ ၎င်းတို့၏ သဘောဆန္ဒဖြင့် စေတနာအလျောက် ပါဝင်လှူဒါန်းငွေများကို စုစည်းပြီး ရှမ်းတိုင်းရင်းသား နှစ်ခြင်းခရစ်ယာန်အသင်းတော်အတွက် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ သမိုင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃/၈)၊ မြေကွက် အမှတ်(၂၄ဃ/၈)၊ ဧရိယာ (၀ဒသမ၄၉၇)ဧက၊ အိမ်ရာမြေ–လ/န–၃၉ ရရှိပြီး မြေကွက်အား မြေအမည်ပေါက်ပိုင်ရှင်ဖြစ်သူ အက်စ်တာခင်(ခ)ဒေါ်ခင်မမ (အေဂျီ–၃၁၁၀၈၂)ထံမှ ၂၆–၁၂–၂၀၀၂ရက်နေ့တွင် ဝယ်ယူခဲ့ပါသည်။ ရှမ်းတိုင်းရင်းသားနှစ်ခြင်းခရစ်ယာန်အသင်းတော်အတွက် ၂၆–၇–၂၀၀၂ရက်စွဲပါ ကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်နှင့်အညီ အသင်းတော်၏ကိုယ်စား ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်မင်းမှ တရားဝင်စာချုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ခြင်းကို ဒေါ်အဲလစ်(ဒုတိယဥက္ကဋ္ဌ)၊ ဒေါ်နန်းထွေးရှင် (အတွင်းရေးမှူး)တို့မှ သိရှိပြီးဖြစ်ပါသည်။

ဦးစိုးအောင်မင်းမှ အသင်းတော်အတွက် မြေကွက်အမည်ပေါက်ပိုင်ရှင် (ရောင်းသူ)နှင့် တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းပြုလုပ်ရန် ဆောင်ရွက်နေဆဲ ၂၈–၁–၂၀၀၆ နေ့တွင် မြန်မာ့အလင်းသတင်းစာ၌ အထက်ပါမြေကွက်အား ဒေါ်အဲလစ်နှင့်ဒေါ်နန်း ထွေးရှင်တို့မှ မူလပိုင်ရှင်အမည်မှ ၎င်းတို့၏အမည်ဖြင့် မြေအမည်ပြောင်းလဲမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါသည်ဟု ကြေညာထည့်ခဲ့၍ ကျွန်ုပ်၏မိတ်ဆွေမှ ၄–၂–၂၀၀၆ ရက်နေ့ မြန်မာ့အလင်းသတင်းစာနှင့် ၅–၂–၂၀၀၆ရက်နေ့ ကြေးမုံသတင်းစာများ၌ တားမြစ်ကန့်ကွက်ခြင်းနှင့် အများသိစေရန် အသိပေးကြေညာခဲ့ပါသည်။

၁၇–၂–၂၀၀၆ ကြေးမုံသတင်းစာပါ ဒေါ်အဲလစ်နှင့်ဒေါ်နန်းထွေးရှင်တို့၏ မဟုတ်မမှန် ကြေညာချက်မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးအောင်မင်း၏ ဂုဏ်သိက္ခာကို ကျဆင်းစေပြီး အများပြည်သူ အထင်လွဲမှားစေပါသည်။ သို့ဖြစ်ပါ၍ အထက်ကြေးမုံ သတင်းစာတွင်ပါသော ကြေညာချက်အား ကြေညာပြီး နှစ်ပတ်အတွင်း ပြန်လည် ဝန်ချတောင်းပန်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ – ဒေါ်ခင်သန္တာ**
LL.B.,D.P.L., D.M.L. D.I.L
ADVOCATE & LEGAL ADVISOR (MID BANK.)
တိုက်(၁)၊အခန်း(၁၆)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
Tel : 246576, HP : 09 5117875။



ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ၁၀ရပ်ကွက် သစ္စာလမ်း အမှတ် ၂၆၉ နေ ဦးဆုံမင်း–ဒေါ်သန်းရီ သားသမီးမြေးတစ်စုတို့က သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီးအတွက် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ပါမောက္ခဒေါက်တာဒေါ်မေဝင်းအောင်ခင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဗိုလ်ချုပ်ကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဘုရားကြီးကုန်းလမ်းဂဝံခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ဇန်နဝါရီ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် လက်ထောက်အင်ဂျင်နီယာဦးမြင့်ဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

ညောင်တုန်းမြို့နယ် ပညာရေးဌာန ကျောင်းပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၅ရက်က ကျင်းပရာ တံခွန်စိုက်ဒိုင်းဆုရ ပညာရေးနယ်မြေ(၁) ကျောင်းမိသားစုအား မြို့နယ်ပညာရေးမှူးဦးစိုးဝင်းသန်းက ဒိုင်းဆုချီးမြှင့်စဉ်။ (၀၉၈)

ဖွံ့ဖြိုးမှုမြင်ကွင်း လေ့လာကြည့်ရှု

ဖေဖော်ဝါရီ ၁၈ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွဲ့တို့ ရှင်းကျန့်မြို့ရှိ အမြင့်ဆုံးတာဝါဖြစ်သည့် ၃၈၄ မီတာ မြင့်သော **Meridian View Centre** ဖြတ်ထပ်မှ ရှင်းကျန့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို လေ့လာကြည့်ရှုကြစဉ်။ (သတင်း-ရှေ့ဖုံး)
(သတင်းစဉ်)

နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ကြိုးစားအားထုတ်မှုကောင်းများကြောင့် အောင်မြင်မှု အကျိုးကျေးဇူးများ ခံစားနေရပြီ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း

နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲစေလိမ့်မည်ဟု ယုံကြည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရေး အလေးထား

ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ တန်ဘင်းချွမ်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ တန်ဘင်းချွမ်သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် ဂွမ်ကျိုးမြို့ China Hotel ဒုတိယထပ်ရှိ Crystal Ballroom ၌ တွေ့ဆုံနှုတ်ဆက်သည်။

တွေ့ဆုံ နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်က ဂွမ်ကျိုးမြို့ China Hotel ဒုတိယထပ်ရှိ Crystal Ballroom ၌ တွေ့ဆုံနှုတ်ဆက်စဉ်။
(သတင်းစဉ်)

တက်ရောက်

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင့်ဝေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ဂွမ်ဒုန်းပြည်နယ်အစိုးရ အတွင်းရေးမှူးချုပ် မစ္စတာရှုရှမ်းတူ၊ ဂွမ်ကျိုးမြို့ ဒုတိယမြို့တော်ဝန် မစ္စတာချန်မင်းဒါနှင့် ပြည်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■